# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်   ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္လာနေ့   အတွဲ (၆၂)၊ အမှတ်(၃၀၇)


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ -၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တောင်ကြီးမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

## မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ (Super Specialty) လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကုသမှုများရရှိနိုင်စေရေး ရည်ရွယ်ကာ ရန်ကုန်/မန္တလေးမှ အထူးကုဆေးကုသရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ စေလွှတ်၍ ကွင်းဆင်းကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတို့မှ နှလုံးရောဂါဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါ ပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သွားရောက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး-တောင်ကြီးမြို့တို့မှ *စာမျက်နှာ ၃ ကော်လံ ၁* ❑

ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများအား ဆေးကုသမှုဆောင်ရွက်ပေးစဉ်။

## ယနေ့ ဖတ် စ ရာ


**အကြောင်းကြောင့်အကျိုးဖြစ်လာရသည့် အာဏာသိမ်းမှုများနှင့် အပြောင်းအလဲမြန်သည့် အနောက်အာဖရိက ပထဝီနိုင်ငံရေး**

ဆောင်းပါး စာ ၁၀

**ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၅၀၀၀ လျာထားစိုက်ပျိုးနေ**

ပြည်တွင်းသတင်း စာ ၁၂

**စင်ကာပူနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေများအား လေ့လာခြင်း**

ဆောင်းပါး စာ ၁၆


## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ *စာမျက်နှာ ၃ ကော်လံ ၁* ❍

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဝန်ဆောင်မှုနှင့် အရည်အသွေးမြှင့်တင်

အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများသည်လည်း အရေးပါသည့်ကဏ္ဍတစ်ရပ်အနေဖြင့် ပါရှိနေရာ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ စနစ်တကျတိုးတက်ဖြစ်ထွန်းနေစေရန် လိုအပ်သည်။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ အောင်မြင်စွာနှင့် လွယ်ကူစွာ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းလိုင်စင်များ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ခွင့်ပြုပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးနေသည်။ လက်ရှိအချိန်အထိ အထွေထွေရောဂါကုဆေးခန်း ၅၁၂၄ ခု၊ အထူးကုဆေးခန်း ၁၀၀၂ ခု၊ အထွေထွေရောဂါကုဆေးရုံကြီး ၂၇၀ ခွင့်ပြုထားပြီးဖြစ်သည်ဟု သိရသည်။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၂)ကို ဩဂုတ် ၃ ရက်က ကျင်းပခဲ့ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအနေဖြင့် အရည်အသွေးပြည့်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ လူနာများဘေးကင်းလုံခြုံရန်၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဘေးကင်းလုံခြုံရန်၊ အခြားဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည့်အချက်အလက်များ ပြည့်စုံစွာ ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိတို့ကို အထူးအလေးထားစိစစ်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေးနှင့် နှောင့်နှေးမှုမဖြစ်ပေါ်စေရေး သတိပြုရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ဆေးခန်း၊ အထွေထွေရောဂါကုဆေးခန်း၊ အထူးကုဆေးခန်း၊ အထွေထွေရောဂါကုဆေးရုံ၊ အထူးကုဆေးရုံ၊ သားဖွားခန်း၊ ရောဂါရှာဖွေရေး၊ သူနာပြုစုရေးဂေဟာ၊ နယ်လှည့်ကျန်းမာရေး၊ ကျန်းမာရေးအကျိုးဆောင်၊ အထွေထွေကျန်းမာရေးတို့ပါဝင်ပြီး ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကဆေးခန်းများ၊ ပုဂ္ဂလိကသားဖွားခန်းများသည် ဥပဒေက ပြဋ္ဌာန်းထားသည့်အင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ မြှင့်တင်ရန်အတွက် ပုဂ္ဂလိကဆေးရုံများတွင် ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းများ၊ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများ၊ နှလုံးခွဲစိတ်ကုသမှုနှင့် အဆင့်မြင့်စစ်ဆေးခြင်းလုပ်ငန်းများ၊ ကင်ဆာဓာတ်ကင်ခြင်းနှင့် ဆေးသွင်းခြင်းလုပ်ငန်းများကို ခွင့်ပြုပေးထားပြီးဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအား မျှတသောစရိတ်နှင့် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ပြည့်ဝစွာဖြင့် ကျေနပ်ဖွယ်ရာ ဝန်ဆောင်မှုများပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ကြရန် လိုသည်။

လက်ရှိအခြေအနေတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းအချို့၏ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ၏ ဝေဖန်မှုများ မကြာခဏပေါ်ထွက်လာနေပြီး အိမ်နီးချင်းနိုင်ငံများမှ ပုဂ္ဂလိကဆေးရုံများ၏ ဝန်ဆောင်မှုများနှင့် နှိုင်းယှဉ်ပြောကြားချက်များကိုလည်း တွေ့မြင်နေရသည်။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့၏ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများမှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးအဆင့်တွင် ရှိနေပြီး ဝန်ဆောင်မှုစရိတ်စကများနှင့် စပ်လျဉ်း၍လည်း အစိုးရ၏ ထိန်းချုပ်မှုများရှိနေကြောင်း သိရသည်။ ၎င်းတို့၏ ပုဂ္ဂလိကဆေးရုံများတွင် မြန်မာအပါအဝင် ကမ္ဘာအရပ်ရပ်မှ နိုင်ငံတကာလူနာပေါင်း နှစ်စဉ်သန်းနှင့်ချီ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိရာ ဝင်ငွေအားဖြင့်လည်း အမေရိကန်ဒေါ်လာ သန်းပေါင်းထောင်နှင့်ချီ၍ ရရှိနေကြသည်။

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း ခွင့်ပြုရာတွင် ပြည်သူလူထုအနေဖြင့် မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရွေးချယ်နိုင်ရန် ရည်ရွယ်ချက်လည်း ပါရှိသည်။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်ထဲတွင် ပါဝင်ကာ မိမိတို့၏အရည်အသွေးကို မြင့်သည်ထက်မြင့်အောင် မြှင့်တင်၍ နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှု ဈေးကွက်ထိတိုင် ထိုးဖောက်အောင်မြင်နိုင်ကြပါစေကြောင်း။ ။

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

(၁၂) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 12th Traditional Medicine Research Congress

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၇ – ၈) ရက်

တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက် **(အောက်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိဥက္ကံသာရာမရွှေကျောင်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ဇမျှားကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ စန္ဒိမာရာမကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇလဲကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ စိတ္တသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများအပြင် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် လည်း ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် MRTV တွင် လာရောက်ရောင်းချပေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်–တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများကို ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ယနေ့နံနက်ပိုင်းက လာရောက်ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၀၀၀ ကျော်အတွက် စုစုပေါင်း ပိဿာ ၂၀၀၀ ကျော်ကို ရောင်းချပေးခြင်းဖြစ်သည်။

ထိုသို့ စားသုံးဆီများ ဖြန့်ဖြူးရောင်းချခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် Diamond Dragon ကုမ္ပဏီလီမိတက်မှ လာရောက်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ နေပြည်တော် နယ်မြေအတွင်းရှိ ဌာနဆိုင်ရာ ရုံးများ၊ ဝန်ထမ်းများအဆောင်နှင့် အိမ်ရာများအပြင် မြို့နယ်/ရပ်ကွက်များအတွင်းသို့လည်း လှည့်လည်၍ ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မာရဝိဇယ ကျောက်စာရုံစေတီတော်များကို အင်္ဂလိပ်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာစာတွင် ကျောက်စာရုံစေတီ အဆူ ၇၂၀ ကို စနစ်တကျ တည်ဆောက်ထားရှိသည်။ ကျောက်စာရုံစေတီ တစ်ဆူချင်း၏အတွင်းတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသော ကျောက်စာနှစ်ချပ်စီအား လေ့လာဖတ်ရှုနိုင်စေရေး ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ရေးထိုးပူဇော်ထားရှိသည်။

ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြားအရပ်ဘက်ကျွမ်းကျင်ပညာရှင်များက ခေတ်မီစက်ပစ္စည်းကိရိယာများအသုံးပြု၍ စနစ်တကျ တည်ဆောက်ခဲ့သည့်အတွက် ကျောက်စာရုံစေတီ အဆူ ၇၂၀ အား ရှုထောင့်ပေါင်းစုံမှ သပ္ပာယ်စွာဖြင့် ယခုကဲ့သို့ ကြည်နူးစွာ ဖူးမြော်နိုင်သည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ချိန်၌ ကျောက်စာရုံစေတီတော်များ၏ တရားတော်များနှင့် ဗိသုကာလက်ရာ၊ အင်ဂျင်နီယာပညာရပ်များကို ဖူးမြော်လေ့လာနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

---

❑ **ရှေ့ဖုံးမှ**

ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေး အစီအစဉ်တွင် တောင်ကြီးမြို့ပေါ်သာမက ရှမ်းပြည်နယ်အတွင်းရှိ အခြားသော မြို့နယ်များမှလည်း လာရောက်ပြသနိုင်ရန် မြို့နယ်အလိုက် ဆေးရုံ/ ကျန်းမာရေးဌာနများမှ တစ်ဆင့် ပြည်သူလူထုကို အသိပေးကာ ပြသရန်လိုအပ်မည့် လူနာများကို ကြိုတင်ကွင်းဆင်း ရှာဖွေခြင်းများ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့ခြင်းကြောင့် မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြသည်။

ခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ ၈၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၄၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ ၇၃ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ကုသမှုဆိုင်ရာ ခြောက်ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၁၃၂ ဦး၊ သွေးရောဂါဆိုင်ရာ ၂၇ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၀၂ ဦး၊ မျက်စိရောဂါလူနာ ခြောက်ဦး၊ သားဖွားမီးယပ်လူနာ လေးဦး၊ အရိုးရောဂါလူနာ ၂၆ ဦး၊ ခွဲစိတ် ၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ သုံးဦး၊ သွားနှင့် ခံတွင်းလူနာ တစ်ဦး၊ အရေပြားလူနာ လေးဦး၊ ကလေးလူနာ ရှစ်ဦး စုစုပေါင်းလူနာ ၅၄၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း ၄၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၀ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း တစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၀၃ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၃၉ ဦး၊ သွေးချိုဓာတ်တိုင်းတာခြင်း ၁၁၅ ဦး၊ Ultrasound ရိုက်ကူးခြင်း ၇၄ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း ဦးရေ ၃၀၀၊ ဆီးချိုကြောင့် မျက်စိထိခိုက်မှု ရှိ မရှိစစ်ဆေးခြင်း ဦးရေ ၂၀၊ ဆီးချိုကြောင့် ခြေထောက်အာရုံကြော ထိခိုက်မှုရှိ မရှိစစ်ဆေးခြင်း ဦးရေ ၂၀ တို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး အဖွဲ့ခေါင်းဆောင် ဆီးချိုနှင့် ဟော်မုန်းဆေးပညာပါမောက္ခ ဒေါက်တာ ကိုကို က လာရောက်ပြသသူ ဒေသခံပြည်သူများနှင့် ဆရာဝန်၊ သူနာပြုများအား ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့ပြင် ဦးနှောက်နှင့် အာရုံကြောဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ တစ်ဦးကို ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ နှလုံးရောဂါဆက်လက်ဆေးကုသရန် လိုအပ်သောလူနာ တစ်ဦးကို မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် နှလုံးရောဂါခွဲစိတ်ရန် လိုအပ်သောလူနာ တစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကာ အထူးကုဆရာဝန်ကြီးများထံ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး အထူးကုဆရာဝန်ကြီးများကို ကျေးဇူးတင်စကား ပြောကြား၍ နေ့လယ်စာအတူ သုံးဆောင်ကာ အမှတ်တရ ဒေသထွက်လက်ဆောင်များ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း အလားတူအစီအစဉ်များကို ရခိုင်ပြည်နယ်သို့ နှစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးသို့ တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ **ရှေ့ဖုံးမှ**

ဩဂုတ် ၇ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင် ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီ လုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## သာစည်မြို့နယ်ရှိ တိုက်နယ်ဆေးရုံများအတွက် Oxygen Concentrator များ လှူဒါန်း

**သာစည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ညောင်ရမ်း၊ ယင်းမာပင်၊ ဟံဇားနှင့် လှိုင်းတက် တိုက်နယ်ဆေးရုံများအတွက် ရန်ကုန်မြို့နေ ဦးလှဝင်း MK Company Limited မှ လှူဒါန်းသော Oxygen Concentrator ၁၀ လီတာ သုံးလုံးနှင့် ၅ လီတာ တစ်လုံးတို့ကို ဩဂုတ် ၄ ရက်က အဆိုပါ ဆေးရုံများသို့ လွှဲပြောင်းပေးအပ်သည်။

Oxygen Concentrator များကို သာစည်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူး တေဇာမြင့်နှင့် ဦးစိုးဝင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းနေလင်းနှင့် သာစည်မြို့ ရွှေနဂါးကုမ္ပဏီလီမိတက်မှ ဦးဘဇံတို့က တိုက်နယ်ဆေးရုံများသို့ သွားရောက်၍ အလှူရှင်ကိုယ်စား လွှဲပြောင်းပေးအပ်ရာ ဆေးရုံများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV) ပြပွဲ နောက်ဆုံးနေ့ ပါဝင်ဆင်နွှဲသူအများပြည်သူတို့ဖြင့် စည်ကားများပြား

ရန်ကုန် ဩဂုတ် ၆

**ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV) ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သော ယနေ့တွင် စားသောက်ကုန်ပစ္စည်း ဝယ်ယူသူ၊ ပွဲတော်မှ ရောင်းချပေးသည့် အစားအစာနှင့် စတုဒိသာ စားသုံးသူ၊ E-Sport Game နှင့် Entertainment Zone တို့တွင် ကြည့်ရှုအားပေးသူ၊ စက်မှုထုတ်ကုန်ပစ္စည်းများဝယ်ယူသူ၊ လျှပ်စစ်ကား (EV) ပြခန်းတို့တွင် လေ့လာသူ၊ ရေပန်းဥယျာဉ်၌ အပန်းဖြေသူတို့ဖြင့် အထူးစည်ကားခဲ့သည်။**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ပွဲတော်နှင့်ပြပွဲသို့ လာရောက်ကြသည့် ပြည်သူတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သီးစုံဒံပေါက်ဘူး ၅၀၀၀ ဖြင့် လည်းကောင်း၊ ပက်စီအချိုရည်ကုမ္ပဏီမှ အချိုရည်တို့ဖြင့်လည်းကောင်း သုံးရက်တိုင် လှူဒါန်းခဲ့ကြပြီး အများပြည်သူ ဈေးနှုန်းသက်သာစွာဖြင့် နေ့လယ်စာ စားသုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တန်ဖိုးသင့် ထမင်းနှင့် ဟင်း အရောင်းဆိုင်ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အများပြည်သူ အားပေးသုံးဆောင်မှုများပြားခဲ့သည်ကို တွေ့ရသည်။

မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV) ပြပွဲ နောက်ဆုံးနေ့ဖြစ်သည့်အတွက် အများပြည်သူအထူးစည်ကားစွာ လာရောက်ကြည့်ရှုအားပေးကြရာ ပြည်သူတို့၏ ရင်တွင်းပီတိ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးရဲမောင် (Chief Operation Officer-Asia Pacific Automaker Corp)**

ကျွန်တော်တို့နိုင်ငံက EV လျှပ်စစ်ကား မော်ဒယ်အမြင့်တွေ ဘယ်လောက်အထိ ရောက်နေပြီဆိုတာ အများပြည်သူ သိရှိအောင် ပြသပေးနေပါတယ်။ လုံခြုံစိတ်ချမှုရှိတဲ့ အစီအမံတွေနဲ့ ရောင်းချပေးသွားမယ်ဆိုတာ အများပြည်သူကို ချပြပေးမှာပါ။ အချို့ယာဉ် သုံးစွဲသူတွေအနေနဲ့ ဓာတ်ငွေ့၊ ဓာတ်ဆီကားတွေနေရာမှာ EV ကားကို အစားထိုးချင်နေကြပါပြီ။

EV ကားရဲ့ ကောင်းကျိုးတွေကို မော်တော်ယာဉ်အသုံးပြုလိုသူတွေ သိရှိထားတာဖြစ်တဲ့အတွက် ဘယ်အချိန်၊ ဘယ်တော့၊ ဘယ်နေရာမှာ ရောင်းမှာလဲဆိုတာ မေးနေပါတယ်။ ခွဲတမ်းအလိုက် ရောင်းချပေးမှုနဲ့ အကောင်းဆုံးဝန်ဆောင်မှု ပေးသွားမှာပါ။ နေပြည်တော်မှာ EV ကားကို ပထမဆုံးပြသခွင့်ရခဲ့တဲ့အတွက် ကောင်းကျိုး၊ ဆိုးကျိုးကိုသိထားပြီး အခုလို အနီးကပ် ကြည့်ရှုလေ့လာခွင့်ရတဲ့အခါ ဘယ်လိုမျိုးယာဉ်ကို နောင်အနာဂတ်မှာ အသုံးပြုရင် မိသားစု အဆင်ပြေမယ်ဆိုတာ သိလာတာကြောင့် အမှာစာမှာတဲ့သူများလာပါတယ်။ နိုင်ငံအတွက်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာ အကျိုးများစွာ ရရှိစေလာမှာဖြစ်ပါတယ်။

**ဦးရဲဖြိုးနိုင် (တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး)**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုနဲ့ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မိုးရာသီဈေးရောင်းပွဲတော်ကို လာရောက်ကြတဲ့ အများပြည်သူကို သီးစုံဒံပေါက် စတုဒိသာ ဒါနပြုတာပါ။ ဩဂုတ် ၄ ရက် ဖွင့်ပွဲနေ့ကစပြီး ဒံပေါက်ဘူး ၅၀၀၀ နေ့စဉ် လှူဒါန်းခဲ့တာ ဒီနေ့ဆိုရင် သုံးရက်ရှိပါပြီ။ စည်စည်ကားကားနဲ့ အများပြည်သူပျော်ရွှင်စွာ စားသုံးတာမြင်ရတော့ ကျွန်တော်တို့လည်း ပီတိဖြစ်ရပါတယ်။

**မောင်ချစ်ဝင်းအောင် (တက္ကသိုလ်ကျောင်းသား)**

ဒီနေ့ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တော့ ပြပွဲကိုလာကြည့်ဖြစ်တာပါ။ ကျွန်တော်တို့ ကျောင်းသားတွေ စိတ်ဝင်စားစေတဲ့ E-Sport Game ကို ပြသထားတယ်လို့ သူငယ်ချင်းတွေ ပြောတာနဲ့ လာကြည့်ဖြစ်တာပါ။ ဂိမ်းဆော့တဲ့အချိန်မှာ အခြားစိတ်လွင့်ပျံ့မှုမရှိဘဲ အာရုံစူးစိုက်မှုရှိတဲ့အတွက် အားလပ်ချိန်ဖြစ်စေ၊ စိတ်ပင်ပန်းတဲ့အခါဖြစ်စေ ဂိမ်းကစားဖြစ်ပါတယ်။ နည်းပညာကို မှန်မှန်ကန်ကန် အသုံးချနိုင်မယ်ဆိုရင် လူငယ်တွေအတွက် နိုင်ငံတကာဂိမ်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှုကနေ အခွင့်အလမ်းကောင်းတွေ ရရှိလာနိုင်ပါတယ်။

**မသင်းသီရိခိုင် (ကျောင်းသူတစ်ဦး)**

ဈေးရောင်းပွဲတော်မှာ ဂိမ်းပွဲထက် စတိတ်ရှိုးပွဲကို ပိုပြီးနှစ်သက်ပါတယ်။ စားစရာတွေစားတယ်။ စာအုပ်တွေ၊ အဝတ်အစားတွေဝယ်တယ်။ EV ကားပြခန်းက မော်ဒယ်မမတွေနဲ့ ဓာတ်ပုံရိုက်ကြတယ်။ Entertainment Zone မှာ နာမည်ရအဆိုတော်တွေ သီဆိုတာ မြင်ရတော့ စတိတ်ရှိုးပွဲကို နှစ်ခြိုက်တဲ့ သမီးတို့လို လူငယ်တွေ ပျော်ရွှင်ရပါတယ်။ ပွဲစီစဉ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်ရီ (၇၄) နှစ် (ပြည်သူတစ်ဦး)**

ဒဂုံမြို့နယ်မှာ နေတာပါ။ ဒီနေ့နဲ့ဆိုရင် ဆီဝယ်တာ သုံးရက်ရှိပါပြီ။ အခုလို အများပြည်သူကို တိုက်ရိုက်ရောင်းချပေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်များအသင်းကို အထူးပဲကျေးဇူးတင်ပါတယ်။ အပြင်ထက် ဈေးသက်သာတဲ့အတွက် အခုလိုတိုးပြီး ဝယ်ယူတာကလည်း ပျော်စရာလည်းကောင်းပါတယ်။

**မမိုးမိုး (ပြည်သူတစ်ဦး)**

စားသုံးဆီထုတ်ရင်း စတုဒိသာကျွေးမွေးတာကိုတွေ့ရတော့ ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ ကျွန်မတို့ မိတ်ဆွေတွေအားလုံး သီးစုံဒံပေါက်စားဖြစ်တယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချပေးတဲ့ တန်ဖိုးသင့် ထမင်းနဲ့ ဟင်းလည်း စားဖြစ်တယ်။ အပြင်မှာ အသုပ်တစ်ပွဲစာ ဈေးနှုန်းပဲရှိပြီး ဟင်းလည်းကောင်းတယ်၊ ထမင်းအဝစားရတယ်။ ဒီပွဲကိုလာကြည့်ကြတဲ့ ဘယ်သူမဆို အစားအစာကအစ အဆင်ပြေတယ်ဆိုတော့ ကျွန်မလိုပဲအားလုံး ကျေနပ်အားရကြမှာပါ။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများ လည်ပတ်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှု

ဝေါ ဩဂုတ် ၆

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများ မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆင်ရွာကျေးရွာရှိ ဆီစက်နှစ်လုံး၏ လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများသည် ဆင်ရွာကျေးရွာရှိ ဆီစက်ပိုင်ရှင် ဦးမျိုးကြည်နှင့် ဦးတိုးနိုင်တို့ ပိုင်ဆိုင်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုရာ သက်ဆိုင်ရာဆီစက် လုပ်ငန်းရှင်များက မိုးရာသီကာလဖြစ်၍ လုပ်ငန်းရပ်ထားမှုအခြေအနေ၊ ပွင့်လင်းရာသီတွင် စက်ကိရိယာများ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **မောင်ကျော်ကြီး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြဝတီမြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ လော(လေဆိပ်) တွင် ၄ ဒသမ ၄၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ပျဉ်းမနား (ဝဲကြီး) နှင့် ရှမ်းရွာသစ်မြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီ၊ ရေးမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်) တွင် ၂ ဒသမ ၁၆ လက်မ တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ပုသိမ်မြို့၌ ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆင့်မီရေကူးအားကစားရုံ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း ပန္နက်တင်မင်္ဂလာပြုလုပ်

**နေပြည်တော် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆင့်မီရေကူးအားကစားရုံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း ပန္နက်တင် မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ ကန်သုံးဆင့်၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တိုင်များ စိုက်ထူပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် အဆင့်မီရေကူး အားကစားရုံ အဆောက်အအုံ တည်ဆောက်ရေး အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ စီးပွားဖြစ်သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး နည်းပညာပေးသရုပ်ပြသ

နေပြည်တော် ဩဂုတ် ၆

**လယ်ယာထွက်သီးနှံအကြွင်းအကျန်များ၊ စားဖိုဆောင်စွန့်ပစ်ပစ္စည်းများမှ စီးပွားဖြစ် သဘာဝမြေဩဇာ ပြုလုပ်ခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနားနှင့် ဇမ္ဗူသီရိမြို့နယ်များမှ တောင်သူများ တက်ရောက်ကြသည်။**

အခမ်းအနား၌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် က ဝန်ကြီး ဌာနနှင့် တောင်သူများ ပူးပေါင်းကာ သုတေသနများ လုပ်ဆောင်၍ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲ နိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အလားတူ စားဖိုဆောင်မှ ထွက်ရှိသော ဆွေးမြည့်နိုင်သည့် အကြွင်းအကျန် အမှိုက်များကိုလည်း သဘာဝမြေဆွေး (Compost) ပြုလုပ်၍ သုံးစွဲနေကြောင်း စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် လေမှုတ်စနစ် ပါရှိသော မြေဆွေး ပြုလုပ်နည်းပညာများကို အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များ အလွယ်တကူ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ သုတေသနပြု စမ်းသပ်ဆောင်ရွက် ထားရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အချိတ်အဆက် မိမိ ဆောင်ရွက်ရန်နှင့် လက်လှမ်းတမီ သုတေသနပြု ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် သက်ဆိုင်သူအားလုံးတို့က ညီညွတ်စွာပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းပေးထားပြီးဖြစ်၍ ဌာနနှင့် တောင်သူများပူးပေါင်း၍ မိုးသီးနှံအောင်ရေရရှိ၍ နွေသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖြေရှင်းကြရမည် ဖြစ်ကြောင်း၊ ရေအသုံးချသူများအဖွဲ့ (WUG) အစုအဖွဲ့များမှ ရေအသုံးချသူများအသင်း (WUA) အဖြစ် တိုးချဲ့ ဖွဲ့စည်း၍ ရေသောက်ဒေသတစ်ခုချင်း၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်ရေး ပူးပေါင်းကြိုးပမ်းသွားကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က နိုင်ငံတကာတွင်လူထုအခြေပြုသဘာဝမြေဆွေး ထုတ်လုပ်နေမှုနှင့် မြေဆွေးထုတ်လုပ်မှု နည်းစနစ် Video မှတ်တမ်းကို ပြသ၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် သုတေသနပြု ထုတ်လုပ်ထားရှိသော လေပေးစနစ်ဖြင့် ကောက်ရိုးများ၊ သစ်ရွက်စိမ်းများ၊ နွားချေးများအား သဘာဝမြေဆွေး ပြုလုပ်သည့် မြေဆွေး ထုတ်လုပ်မှုစနစ်ကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ငလိုက်ဆည်ရေသောက်စနစ် ရေပေးမြောင်းတစ်လျှောက် ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ငလိုက် ရေလှောင်တမံ ဆည်ရေသောက်စနစ်ရှိ လယ်မြေ ၈၉၈၄ ဧကကို အပြည့်အဝ စိုက်ပျိုးရေပေးဝေနိုင်ရေး လျာထားချက်အတိုင်း ပေးဝေလျက်ရှိပြီး ရေဝင်ရောက်မှု အခြေအနေပေါ် မူတည်၍ ကျန်ရှိဧကအား ဖြည့်စွက် ရေပေးဝေနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်

ပြည် ဩဂုတ် ၆

ပြည်မြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် ကောင်းမွန်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး နယ်မြေအတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၆၆/၁၁ ကေဗွီ ပြည်စက်မှုဇုန် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဓာတ်အားခွဲရုံမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် AGE Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း စက်မှုဇုန်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသော ၁၁ ကေဗွီ (မြေပဒေသာ၊ တပ်မ၊ ဂန္ဓမာစက်မှုဇုန်နှင့် နဝဒေးစက်မှုဇုန်) ဓာတ်အားလိုင်းတို့ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများက စုပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး သုံးထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပလက်ဝ ဩဂုတ် ၆

ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ စည်ပင်သာယာရေးအဖွဲ့ရုံး သုံးထပ်အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်က အဆိုပါရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ အဆောက်အအုံသစ်ကို ချင်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး စံညီဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်း၊ မြို့မိမြို့ဖ ဦးဇာနီ၊ ဦးအေးသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

အဆိုပါရုံးသစ်သည် အလျားပေ ၅၀၊ အနံ ၃၅ ပေ၊ အမြင့် ၃၃ ပေ (RCC) သုံးထပ် အဆောက်အအုံဖြစ်ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် (မီနီဘတ်ဂျက်) ပြည်နယ်ငွေလုံး၊ ငွေရင်းခွင့်ပြုရန်ပုံငွေနှင့် ပြည်နယ် အထွေထွေ ပိုလျှံခွင့်ပြုရန်ပုံငွေကျပ် ၂၈၀ ဒသမ ၀၀ သန်း အကုန်ကျခံကာ (၂-၁-၂၀၂၁) ရက်နေ့မှစတင်၍ (Royal Chim Star) ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သွင်းအားစုများ ပေးအပ်

**မအူပင် ဩဂုတ် ၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးအထွက်တိုးရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပံ့ပိုးမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ဖွံ့ဖြိုးအောင်စိုက်/ထွေ သမဝါယမအသင်းက တာဝန်ခံ၍ ကျေးရွာ လေးရွာရှိ သမဝါယမအသင်းသား မိုးစပါးစိုက်တောင်သူ ၂၀၁ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဩဂုတ် ၆**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကုတ်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်းပြီး တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေးအတွက် အထွက်နှုန်းကောင်းသည့် ဆင်းသုခမျိုးစပါးများအား စံပြစိုက်ကွက် စိုက်ပျိုးသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထိုသို့ ကြည့်ရှုစဉ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြို့နယ်အတွင်း မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးသီးနှံစိုက်ပျိုးမှုအခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမူးမော်တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြား၍ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအီမြို့ သဒ္ဒန်ကျေးရွာ၌ တောင်သူဦးမောင်တင်ဝေ၏ လယ်ခုနစ်ဧကတွင် ဆင်းသုခစပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်း ငါးဧကနှင့် Seeder စံပြစိုက်ခင်းနှစ်ဧက စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် မအီမြို့ သဒ္ဒန်ကျေးရွာအုပ်စု စံကောပြင်ကွင်း၌ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးကျော်လင်း၏ ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးကြရာ မွေးမြူရေးလုပ်ငန်းရှင်က ဥစားကြက်များမွေးမြူထားရှိမှု၊ ကြက်ဥများ ထွက်ရှိရောင်းချနေမှုနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအီမြို့ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၈) ပြင်ဝင်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းအထူးအဖွဲ့(၁၈) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲမင်းမောင်က ရခိုင်ပြည်နယ်အတွင်း လမ်းအထူးအဖွဲ့(၁၈)က တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းမကြီး(၄) လမ်း၏အခြေအနေများ၊ စံချိန်တင်မိုးရေချိန်အခြေအနေများနှင့် လမ်းမကြီးများတွင် လမ်းလုပ်ငန်းများ၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်၊ ပြည်ထောင်စု ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉) တို့အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အသားနှင့် အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ၊ အစာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံ၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့် ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့် ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့်ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆန်များ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ရေခဲတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ၊ ပဲမျိုးစုံ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့အဆန်များ၊ သစ်သီးခြောက်များ၊ မလှော်ထားသော ကော်ဖီစေ့နှင့် ကိုကိုးစေ့များ၊ အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ အစရှိသည့် ကုန်စည်အမျိုးအစား ၁၈ ခုတို့ကို တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည် ဖြစ်သည်။

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ကြပါသည်။ အဆိုပါ ကုန်စည်အမျိုးအစား ၁၈ အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည် ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်အထိ ကုမ္ပဏီ/ စက်ရုံ ၁၃၂၆ ခုမှ ပေးပို့ထားသည့် စောင်ရေ စုစုပေါင်း ၂၄၀၅ စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၁၈၃ ခု၊ စောင်ရေ ၂၂၆၂ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/ စက်ရုံ ၁၂၀ ခု၊ စောင်ရေ ၁၂၀ စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၄ ခု၊ စောင်ရေ ၁၄ စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ ကိုးခု၊ စောင်ရေ ကိုးစောင် ဖြစ်သည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အပါအဝင် ကုန်စည်များအား တရားဝင်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများ စာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://ciferquery.singlewindow.cn/ ၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) အောက်ရှိ CIFER မှတစ်ဆင့် ဆောင်ရွက်ခဲ့ရာမှ China Department of Animal and plant Quarantine ဌာနမှ ကော်ဖီစေ့ (raw)၊ ကိုကိုးစေ့ (cocoa beans) {Unroasted coffee beans and cocoa beans}၊ ဟင်းသီးဟင်းရွက်အစိမ်းများ(Fresh and dehydrated vegetables)၊ ဟင်းခတ်အမွှေးအကြိုင်များ{Plant Seasonings (Plant Species)}၊ စားသုံးနိုင်သည့် အစေ့အဆန်များ(Edible grains)၊ ပဲမျိုးစုံ (Dried Beans)၊ ဆီထွက်အပင်များ {Oilseeds (Oil Plant)} နှင့် တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းများ (Chinese Traditional Medicines) အစရှိသည့် စိုက်ပျိုးရေး စားသောက်ကုန်စည်အုပ်စု ခုနစ်မျိုးကို ပြောင်းလဲတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို Manual စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ကုန်စည်အုပ်စု ခုနစ်မျိုးအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင်ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံ လျှောက်ထားရမည်။ စိုက်ပျိုးရေးထွက်ကုန်များအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ (Competent Authority) ကသာ ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပြီး စာ (သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ ပေးပို့ခြင်း (သို့မဟုတ်) မြန်မာနိုင်ငံရှိ တရုတ်သံရုံး/တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှ တစ်ဆင့် ပေးပို့လျှောက်ထားရမည်။

အဆိုပါ https://ciferquery.singlewindow.cn/ Website တွင် online စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားသည့် ကုန်စည်အုပ်စုအပါအဝင် စုစုပေါင်း စောင်ရေ ၉၄၉ စောင်အား မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

http://dzs.customs.gov.cn/ Website တွင် Manual စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၂၈ ရက်အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ပြီးဖြစ်သည့် စာရင်းများကို ဝင်ရောက်ကြည့်ရှုနိုင်သည်။

ထပ်မံသိရှိလိုသည်များရှိပါက GACC ရုံးလုပ်ငန်းအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖုန်းအမှတ်၊ ၀၆၇-၃-၄၀၈၆၀၅၊ ၀၆၇-၃-၄၀၈၆၁၈ နှင့် Email: myantrade.domestic@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## သပိတ်ကျင်းမြို့နယ်၌ သမဝါယမအသင်းသားများအား မြေဩဇာများပေးအပ်

**သပိတ်ကျင်း ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သမဝါယမကန်ထရိုက် လယ်ယာစနစ်ဖြင့် သွင်းအားစုမြေဩဇာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက သပိတ်ကျင်းမြို့နယ် "ဗန္ဒွဲ" ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းချိုနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်မြင့်စိန်တို့က သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် "ဗန္ဒွဲ"ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား ၃၄ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၁၂၅ ဧကအတွက် ပုလဲခေါင်မြေဩဇာနှင့် စမ်းဝတီသဘာဝမြေဩဇာများကို အသင်းသားတောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော
မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာအုပ်စု နတ်စမ်းကျေးရွာ၌ ဆောင်ရွက်ထားရှိသော ဝက်မွေးမြူရေးခြံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

**မကွေး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့်အတူ ဩဂုတ် ၅ ရက် နံနက်ပိုင်းက မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် 100 MW (Gas Engine+Solar Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် 100 MW(Gas Engine+ Solar Hybrid) ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဓာတ်အားပေးစက်ရုံစီမံကိန်းကို နေရောင်ခြည်စက်စွမ်းအား ၁၀၀ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး စက်စွမ်းအား ၁၂၆ မဂ္ဂါဝပ်တည်ဆောက်ဆောင်ရွက်နေမှု အခြေအနေ၊ ဓာတ်အားပေးစီမံကိန်းကိုမြေဧက ၅၉၈ ဧကတွင် တည်ဆောက်မှု၊ လက်ရှိမှာ စီမံကိန်းလုပ်ငန်း ၃၂ ရာခိုင်နှုန်းပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့သုံး စက်စွမ်းအား ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ဖြင့် လည်ပတ်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဓာတ်အားပေးစီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၈၉၀ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စီမံကိန်းလုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက အသုံးပြုမည့် ဓာတ်ငွေ့များကို မကျီးကန်ဓာတ်ငွေ့ထိန်းဖြန့်စခန်း(မကွေး)သို့ ၁၃၂ ကေဗွီလိုင်းဖြင့် ပို့လွှတ်ဆောင်ရွက်သွားမည် ဖြစ်ပြီး လည်ပတ်မှုသက်တမ်းအနေဖြင့် ၁၅ နှစ်ဖြစ်ကြောင်း သိရှိရသည်။

**မောင်ညီညာ**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၆**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် မြဝတီမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ ကြခတ်တော ဘုန်းတော်ကြီးကျောင်း၊ စနေဆွမ်းလောင်းဓမ္မာရုံ၊ မိဌာန်အောင်ဓမ္မာရုံနှင့် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ ကမော့ကချူး Cyclone Shelter နှင့် မြို့မဂျာမေဗလီတို့သို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်န်းညီနောင်တပ်နယ်နှင့် လှိုင်းဘွဲတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီး ဖြစ်သည်။



ယနေ့နံနက်ပိုင်းတွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ကွပ်ကဲမှုအောက် မိုင်းခတ်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

ညောင်ဦး ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ညောင်ဦးမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးဌေးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။ ထို့နောက် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဖြိုးဝေက ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ်၏ အစီရင်ခံစာများကို ဖတ်ကြားတင်ပြရာ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များထံမှ သဘာပတိက အတည်ပြုခဲ့ပြီး အသင်းဝင် ၂၄၉ သင်းအား အစုပေါ်ပေး ငွေကျပ် ၂၆၈ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူငါးဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက်တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ကသာမြို့နယ် မြေနုကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀ ခန့်အကွာမှ မိုးတားလေး ကျေးရွာဘက်သို့ လက်နက်ကြီး များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ ဦးကျော်ဆန်း၏ နေအိမ်အပေါ်သို့ ဖုံးသီး ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်အတွင်းရှိ အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ အရပ်သား ပြည်သူငါးဦးတို့တွင် လက်နက်ကြီးစထိမှန်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ထိခိုက်ပျက်စီးမှု။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိသည်။ ထို့ပြင် ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့်

လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော အပြစ်မဲ့အရပ်သားပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးကုသမှုဆောင်ရွက်ပေးစဉ်။

ဖုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များ အတွင်းသို့ အကြောင်းမဲ့အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## TNLA အဖွဲ့ဝင်များက ကျောက်မဲမြို့အတွင်း အလစ်အငိုက်ဝင်ရောက်၍ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဌာနဆိုင်ရာ ဝန်ထမ်းနှစ်ဦးသေဆုံး၊ ငါးဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၆**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်အတွင်းသို့ TNLA အဖွဲ့ဝင်များက အလစ်အငိုက်ဝင်ရောက်၍ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦး သေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအရှေ့သို့ TNLA အဖွဲ့ဝင်များသည် Pajero အမျိုးအစား အဖြူရောင်မော်တော်ယာဉ်ဖြင့် ပင်လုံလမ်းမကြီး၏ မြောက်ဘက်မှ မောင်းနှင်ရောက်ရှိလာပြီး အုပ်ချုပ်ရေးမှူးရုံးအတွင်းသို့ လက်ပစ်ဗုံးတစ်လုံးဖြင့် ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အုပ်ချုပ်ရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျောက်မဲမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောက်မြို့နယ်၌ ရေနံပိုက်လိုင်းကိုဖောက်၍ ရေနံခိုးယူသူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား အရေးယူထား

**နေပြည်တော် ဩဂုတ် ၆**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဩဂုတ် ၅ ရက်က ရေနံပိုက်လိုင်းကိုဖောက်၍ ရေနံခိုးယူသူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲခန့်တွင် ချောက်မြို့နယ် (၄)ရပ်ကွက် ရေနံမြေအတွင်းရှိ OBပိုက်လိုင်းကိုဖောက်၍ ရေနံများခိုးယူနေကြောင်း သတင်းအရ ရေနံမြေလုံခြုံရေးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ OB ပိုက်လိုင်းအား ဖောက်၍ ပီပါများအတွင်းသို့ ပိုက်ပျော့ဖြင့် သွယ်တန်းပြီး ရေနံပီပါများအတွင်း ထည့်နေသော အမှတ် (၄)ရပ်ကွက်နေ မဇာဖြူလွဲ့ဝင်း (၄၂ နှစ်)နှင့် အမှတ်(၆)ရပ်ကွက်နေ ဖိုးပြည့်(ခ)ပြည့်ဟိန်းကျော် (၂၉ နှစ်) တို့နှစ်ဦးကို မော်တော်ယာဉ်တစ်စီး၊ ဆိုင်ကယ်သုံးစီး၊ ဂါလန် ၅၀ ဆံ့ ရေနံပီပါ နှစ်လုံး၊ ၂၅ ဂါလန်ခန့်ပါ ရေနံအိတ် ၁၀ လုံး၊ ရေနံပီပါ အခွံ ၁၀ လုံး၊ ၁ လက်မ ပိုက်ပျော့ ပေ ၂၀၀ နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး မဲကြီး(ခ)ကျော်နိုင်ဦး၊ ညီညီနှင့် အောင်အောင်ဦးတို့ သုံးဦးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် မဇာဖြူလွဲ့ဝင်းပါ ငါးဦးကို ချောက်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်လှစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ သုံးဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ashin Thumana” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၅၅)ရပ်ကွက်နေ ဦးသုမန(ခ) သန်းနိုင်အား ဩဂုတ် ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ “Soe Moe Paing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ် (၆)ရပ်ကွက်နေ စိုးမိုးပိုင်အား ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ “Chan Nyein Oo” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၄) ရပ်ကွက်နေ ချမ်းငြိမ်းဦး အား ဩဂုတ် ၆ ရက် နံနက် ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# အကြောင်းကြောင့်အကျိုးဖြစ်လာရသည့် အာဏာသိမ်းမှုများနှင့် အပြောင်းအလဲမြန်သည့် အနောက်အာဖရိက ပထဝီနိုင်ငံရေး

မြင့်မြတ်

တပ်မတော်ကအာဏာသိမ်းလို့ အာဏာသိမ်းတပ်မတော်အစိုးရကို ထောက်ခံတယ်ဆိုတဲ့ ပြည်သူတွေနေတဲ့နိုင်ငံတွေ ကမ္ဘာမှာ အမှန်တကယ်ကို ရှိလာနေပါတယ်။ အနောက်အာဖရိက က ထွန်းသစ်စဒီမိုကရေစီ နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်ကိုပဲကြည့်ပါ။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အမေရိကန်နဲ့ အနောက်အုပ်စု ကျောထောက်နောက်ခံပြု မိုဟာမက်ဘဇွန်းဆိုတဲ့ ရွေးကောက်ခံသမ္မတတစ်ယောက် ဇူလိုင်လ ၂၆ ရက်နေ့က နိုင်ဂျာတပ်မတော်ရဲ့ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရတဲ့ ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျပြီး မတည်ငြိမ်၊ မအေးချမ်း၊ ဆင်းရဲတွင်းနက်လှတဲ့ အာဖရိကနိုင်ငံငယ်တွေမှာ မကြာခဏဆိုသလို အာဏာသိမ်းမှုဖြစ်စဉ်တွေဖြစ်လေ့ရှိတာ အထူးအဆန်း မဟုတ်သလိုပါပဲ။ ထူးဆန်းတာက ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ ဘာကြောင့်အာဏာသိမ်းမှုဖြစ်စဉ် ပေါ်ပေါက်ရပါသလဲ။ ယခုနောက်ဆုံးအာဏာသိမ်းမှုကို နိုင်ဂျာပြည်သူတွေ ဘာကြောင့်ထောက်ခံကြသလဲ။ အိမ်နီးချင်းနိုင်ငံတွေကရော အာဏာသိမ်းနိုင်ဂျာတပ်မတော်နဲ့ နိုင်ဂျာပြည်သူတွေဘက်က ဘာကြောင့်ရပ်တည်ထောက်ခံကြပါသလဲ။ စဉ်းစားစရာတွေ ရှိလာခဲ့ပါတယ်။

နိုင်ဂျာပြည်သူများ ဆန္ဒပြမှုကို တွေ့ရစဉ်။

## အာဖရိကပြည်သူတွေအတွက် ဘယ်သူကမိတ်ဆွေလဲ

တကယ်တော့ မိုဟာမက်ဘဇွန်းဟာ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံသမ္မတတစ်ဦးပါ။ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးပြီး ပြင်သစ်ဩဇာခံအရုပ်သားအစိုးရဆိုရင်လည်း မမှားဘူးပေါ့၊ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ အခိုင်အမာထောက်ခံမှုနဲ့ သူတို့ဆီက စစ်ရေးအထောက်အပံ့အပါအဝင် အကူအညီအမြောက်အမြားရထားတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ နိုင်ငံအခြေအနေကတော့ လက်ရှိမှာ တင်းမာနေဆဲပါပဲ။ အာဏာသိမ်းတပ်မတော်ကို အာဖရိကသမဂ္ဂ၊ နိုင်ဂျီးရီးယားသမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပြီး ၁၅ နိုင်ငံပါဝင်တဲ့ Economic Community of West African States(ECOWAS) လို့ခေါ်တဲ့ အာဖရိကအနောက်ပိုင်းနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံအချို့နဲ့ ထုံးစံအတိုင်း ဥရောပသမဂ္ဂလိုအနောက်တိုင်းအဖွဲ့တွေကတော့ မထောက်ခံ စီးပွားရေးပိတ်ဆို့ကန့်ကွက်ကြတော့တာပါပဲ။ ဒါပေမယ့် ECOWAS အဖွဲ့ဝင်အဖြစ်က ဆိုင်းငံ့ခံထားရတဲ့အိမ်နီးချင်း မာလီနဲ့ ဘာကီနာဖာဆိုနိုင်ငံများကတော့ အာဏာသိမ်းနိုင်ဂျာခေါင်းဆောင် အဗ္ဗဒူရာမိန်းချီရာနီဦးဆောင်တဲ့ အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီကို တစ်သွေးတည်း တစ်သားတည်း အခိုင်အမာထောက်ခံကြပါတယ်။

ယူကရိန်းပဋိပက္ခမှာ နာမည်ကျော်ခဲ့တဲ့ ဝဂ်နာပုဂ္ဂလိက စစ်ဘက်အဖွဲ့ကလည်း အာဏာသိမ်းခြင်းကို လုံးဝထောက်ခံပြီး လိုအပ်တာမှန်သမျှ ကူညီသွားမယ်လို့ ဆိုပါတယ်။ နိုင်ဂျာပြည်သူထောင်ပေါင်းများစွာဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး ကာကွယ်ရေးကောင်စီကိုထောက်ခံကာ ပြင်သစ်သံရုံးကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဘာကီနာဖာဆိုမှာ ၂၀၂၂ ခုနှစ် အာဏာသိမ်းတုန်းကလည်း ပြည်သူတွေဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး အာဏာသိမ်းခြင်းကို ထောက်ခံခဲ့ကြပါတယ်။ ကာကွယ်ရေးကောင်စီဘက်ကရပ်တည်ကြတဲ့ နိုင်ငံတွေ အဖွဲ့အစည်းတွေဟာ နိုင်ဂျာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု ဘယ်လိုပုံစံကိုမှ လက်မခံဘဲ ပြန်လည်တိုက်ထုတ်သွားကြမယ်လို့ ဆိုပါတယ်။ မိမိပိုင်နယ်မြေထဲက သယံဇာတတွေကို အမြတ်ထုတ်သိမ်းပိုက်နေတဲ့ အနောက်အုပ်စုနဲ့တခြားစီ အာဖရိကခြောက်နိုင်ငံက တင်ရှိနေတဲ့ပေးရမယ့်အကြွေး အမေရိကန်ဒေါ်လာ ငွေ ၂၃ ဘီလီယံကို ရုရှားနိုင်ငံက လျှော်ပစ်လိုက်တဲ့ အခါမှာတော့ ဘယ်သူကရန်သူ ဘယ်သူကမိတ်ဆွေဆိုတာကို အာဖရိကပြည်သူတွေ ကွဲကွဲပြားပြား သိလိုက်ကြရပါပြီ။

## ဒေသတွင်းပဋိပက္ခအထိ ပြဿနာများဖန်တီးခံရမယ့် အာဖရိက

အဖြစ်အပျက်တွေရဲ့ နောက်ဆက်တွဲအနေနဲ့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွေ၊ ပြင်သစ်တပ်ဖွဲ့တွေဟာ နိုင်ဂျာနိုင်ငံတွင်းက အလုံးအရင်းနဲ့ ထွက်ခွာနေကြပါပြီ။ သူတို့ကို နိုင်ဂျာပြည်သူတွေနဲ့ တပ်မတော်က လက်မခံကြတော့ဘဲ ပြင်သစ်ပိုင် အဆောက်အဦတွေ၊ ပြင်သစ်အလံတွေကို မီးရှို့ဖျက်ဆီးလိုက်ကြပါတယ်။ နှစ်ဖက်စလုံးမှာ အကျိုးစီးပွားချင်းအပြင်းအထန် ထိပါးပွတ်တိုက်ခံရတယ်လို့ ယူဆကြရင်တော့ နိုင်ဂျာမှာ ပြည်တွင်းစစ်မီးထတောက်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့အားနဲ့ နိုင်ဂျာပြည်သူတွေ စည်းလုံးညီညွတ်ရင်တော့ ပြင်းထန်တဲ့ပြည်တွင်းပဋိပက္ခများကနေ ကျော်လွှားလွန်မြောက်နိုင်မှာပါ။ သို့ပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စုပြင်သစ်တို့ကတော့ ဒီအတိုင်းလက်ပိုက်ကြည့်မယ် မထင်ပါဘူး။ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို ရွှေနဲ့ယူရေနီယံကို ခွထိုင်ထားတဲ့ နိုင်ဂျာမှာ ပြည်တွင်းအုပ်စုတွေကို မြှောက်ပင့်သွေးထိုးပြီး နိုင်ငံ မတည်မငြိမ်ဖြစ်အောင် လုပ်မှာသေချာပါတယ်။ အိမ်ကြက်ချင်းအိုးမဲသုတ် ဒီလိုလုပ်ကွက်မျိုးဟာ အမေရိကန်နဲ့ ပြင်သစ်တို့ အကျွမ်းကျင်ဆုံး လုပ်ရပ်တွေပါပဲ။ အမေရိကန်နဲ့ ပြင်သစ်ဘာလုပ်နိုင်မလဲ၊ သူတို့လုပ်နိုင်တာက ECOWAS ကို တစ်ဆင့်ခံ ကြိုးကိုင်၊ နိုင်ဂျာပြည်တွင်းထဲ ဝင်တိုက်ခိုင်း၊ အာဖရိကသားအချင်းချင်း စစ်ကိုဖန်တီး ဒီလိုလုပ်နိုင်စရာတော့ ရှိပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဆိုးသထက်ဆိုးအောင် အာဆီယံကို ကြိုးကိုင်ခြယ်လှယ်ပြဿနာဖန်တီးလိုက်တဲ့ ပုံစံတူပါပဲ။ တစ်နိုင်ငံချင်း ပြည်တွင်းပဋိပက္ခကနေ ဒေသတွင်း ပဋိပက္ခကြီးအထိ ဖန်တီးပြီး ကိုယ့်အလိုကျ ကိုယ့်အမျိုးသားအကျိုးစီးပွားဆောင်ရွက်သွားကြမယ့်အခြေအနေကို တွေ့မြင်နေရပါတယ်။

## အာဏာသိမ်းကောင်စီဘက်က ဘာကြောင့်ရပ်တည်နေကြသလဲ

ဘာကြောင့်များ ပြည်သူတွေဟာ အာဏာသိမ်း ကာကွယ်ရေးကောင်စီကို ထောက်ခံခဲ့ကြပါသလဲ ဆိုရင် လက်ရှိအာဏာရ ဒီမိုကရေစီအစိုးရနဲ့ ဒီမိုကရေစီစနစ်ကို မကြိုက်လို့ဘဲလို့ ယူဆရမှာပါ။ တကယ်လည်း ကမ္ဘာမှာ ယခုလိုထူးခြားပြောင်းလဲလာမှုတွေကို နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်နဲ့တကွ နမူနာယူသင်ခန်းစာထုတ် ဆန်းစစ်သင့်ပါတယ်။ ကမ္ဘာ့အရွေ့ဟာ ဘယ်ကိုဦးတည်နေသလဲ၊ ကမ္ဘာ့ပြည်သူအားလုံး ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုကို လိုလားနေပြီဆိုတာ ပြသလိုက်သလိုပါပဲ။ လူမှုစီးပွားဘဝကျဆင်း၊ ဆင်းရဲလွန်းတဲ့ အာဖရိကသားတွေရဲ့ ကာလရှည်သည်းခံခဲ့ရမှုတွေဟာ ကုန်ဆုံးသွားပြီလား တွေးမြင်ကြည့်လို့ရပါတယ်။ သူတို့ဟာ သူတို့ကို နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့ကြတဲ့ အနောက်ဥရောပလူဖြူတွေအပေါ် စိတ်မရှည်ကြတော့ပါဘူး။ ဒီမိုကရေစီကို စိတ်ကုန်နေပုံရပါတယ်။ ကောင်းမယ်ထင်လို့ ဒီမိုကရေစီကို သွတ်သွင်းခဲ့ကြတယ်။ ဒါပေမယ့် သူတို့ရလိုက်တာက အရည်အချင်းမရှိ၊ စွမ်းဆောင်ရည်မဲ့၊ အနောက်အုပ်စုဩဇာခံအစိုးရအောက်မှာ အနေအစားဆင်းရဲခြင်းနဲ့ ဆင်းရဲမွဲတေမှု၊ တရားဥပဒေစိုးမိုးမှုမရှိ နိုင်ငံကမတည်ငြိမ်တဲ့ဘဝမှာ အစ္စလာမ္မစ်အကြမ်းဖက်များရဲ့ ခေတ်အဆက်ဆက်အကြမ်းဖက်ခံရမှု၊ အလွန်အမင်းကြီးထွားလာနေတဲ့ အဂတိလိုက်စားမှုတွေအောက်မှာ ဆုံးရှုံးသွားတာက နိုင်ငံရဲ့ အဖိုးတန်သယံဇာတတွေ၊ လူ့အသက်တွေ၊ အမြတ်ထွက်နေတာက နိုင်ငံခြားသားကုပ်သွေးစုပ်သူတွေ။ ပြင်းမယ်ဆို သူတို့ခံစားချက်က အတော်ပြင်းထန်လောက်ပါတယ်။ အစ္စလာမ္မစ်စစ်သွေးကြွရန်က ကာကွယ်ပေးဖို့ တာဝန်ယူထားကြတဲ့ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေကလည်း တကယ်တမ်းမှာ ထိထိရောက်ရောက် မကာကွယ်ပေးနိုင်ဘဲ သူ့အကျိုးစီးပွားသူ ကာကွယ်သလိုသာဖြစ်နေတာ တွေ့ရပါတယ်။ ပြည်သူတွေဟာ ဒီမိုကရေစီနဲ့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို အပြည့်အဝမခံစားရဘဲ တစ်နေ့တခြားမြင့်တက်လာတဲ့ လူနေမှုစရိတ်နဲ့ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ ဒဏ်ကို အလူးအလဲ ခံစားကြရပါတယ်။ ဒါကြောင့်လည်း ယခုလိုအာဏာသိမ်းမှုမှာ ကာကွယ်ရေးကောင်စီဘက်ကို အပြင်းအထန် ထောက်ခံနေခြင်းဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ဂျာရဲ့အိမ်နီးချင်းနိုင်ငံတွေ အနေနဲ့လည်း သူတို့ရဲ့ရပ်တည်ချက်ကို ကမ္ဘာသိ ထုတ်ဖော်ပြသခဲ့ကြပြီဆိုတော့...။ ဒီမိုကရေစီအမည်ခံ အနောက်အုပ်စုဟာ ဒီမိုကရေစီအစစ်အမှန်ကို တင်ပို့ရမယ့်အစား အကြမ်းဖက်စနစ်ကိုတင်ပို့၊ အိုက်ဆစ်၊ အယ်လ်ခိုင်ဒါ၊ ဘိုကိုဟာရမ်စတဲ့ အကြမ်းဖက်အင်အားစုတွေကို မွေးထုတ်သလိုဖြစ်၊ ဒေသတွင်း မတည်မငြိမ်ဖြစ်အောင်သာ ဖန်တီးနေတာကို အာဖရိကပြည်သူတွေ သဘောပေါက်သွားကြပါပြီလို့ သုံးသပ်နိုင်ပါတယ်။ နယ်ချဲ့ကိုလိုနီလက်သစ်တွေဟာ အာဖရိကပြည်သူအချင်းချင်းကို သွေးခွဲခဲ့ကြတယ်။ ကမ္ဘာမှာ အကောင်းဆုံးစနစ်နဲ့ ဖွံ့ဖြိုးအတိုးတက်ဆုံးဆိုတဲ့ ပြင်သစ်နဲ့ အမေရိကန်တို့ရဲ့ အကူအညီအထောက်အပံ့အများအပြား ရယူထားတဲ့ နိုင်ဂျာလို အာဖရိကနိုင်ငံတွေဟာ ဘာကြောင့်များ စီးပွားရေးကျဆင်းပြီး လုံခြုံမှုမရှိဆုံးဖြစ်နေရသလဲ။ ဒါကိုပဲ ထပ်ကာထပ်ကာ မေးရမလို ဖြစ်နေပါတယ်။

## အာဖရိကစစ်ဘက်အာဏာသိမ်းမှုများအား ပြန်ကြည့်လျှင်

ပြန်ကြည့်တဲ့အခါ နိုင်ဂျာမှာက ၁၉၆၀ ပြည့်နှစ် ပြင်သစ်လက်အောက်က လွတ်မြောက်ပြီးနောက်ပိုင်းလေးကြိမ်တိတိ စစ်ဘက်ကအာဏာသိမ်းယူတဲ့ အစဉ်အလာရှိပြီးဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်ကတော့ နောက်ဆုံးအကြိမ်ပါ။

ပြောရမယ်ဆိုရင် အာဖရိကနိုင်ငံတွေမှာ စစ်ဘက်အာဏာသိမ်းမှုများဟာ အဆန်းတကျယ်မဟုတ်တော့ပါဘူး။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်း အိမ်နီးချင်းဂါနာ၊ မာလီနဲ့ ဆူဒန်နိုင်ငံတွေမှာနဲ့ ၂၀၂၂ ခုနှစ် ဘာကီနာဖာဆိုမှာ နှစ်ကြိမ်အာဏာသိမ်းဖြစ်စဉ်တွေ ခပ်စိပ်စိပ်လေး ဖြစ်ခဲ့ကြဖူးတယ်။ အာဖရိကတိုက်ကြီးတစ်ခုလုံးခြုံကြည့်ရင်တော့ ၁၉၅၀ ပြည့်နှစ်ကနေ ၂၀၂၂ ခုနှစ်အထိ စစ်ဘက်အာဏာသိမ်းမှု အကြိမ်ပေါင်း ၂၁၄ ကြိမ်မှာ ၁၀၆ ကြိမ် အောင်မြင်ခဲ့ပြီး အောင်မြင်မှု ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ *စာမျက်နှာ ၁၁ သို့*

**“ဒီမိုကရေစီအမည်ခံ အနောက်အုပ်စုဟာ ဒီမိုကရေစီအစစ်အမှန်ကို တင်ပို့ရမယ့်အစား အကြမ်းဖက်စနစ်ကိုတင်ပို့၊ အိုက်ဆစ်၊ အယ်လ်ခိုင်ဒါ၊ ဘိုကိုဟာရမ်စတဲ့ အကြမ်းဖက်အင်အားစုတွေကို မွေးထုတ်သလိုဖြစ်၊ ဒေသတွင်း မတည်မငြိမ်ဖြစ်အောင်သာ ဖန်တီးနေတာကို အာဖရိကပြည်သူတွေ သဘောပေါက်သွားကြပါပြီလို့ သုံးသပ်နိုင်ပါတယ်။ နယ်ချဲ့ကိုလိုနီလက်သစ်တွေဟာ အာဖရိကပြည်သူအချင်းချင်းကို သွေးခွဲခဲ့ကြတယ်။ ကမ္ဘာမှာ အကောင်းဆုံးစနစ်နဲ့ ဖွံ့ဖြိုးအတိုးတက်ဆုံးဆိုတဲ့ ပြင်သစ်နဲ့ အမေရိကန်တို့ရဲ့ အကူအညီ အထောက်အပံ့အများအပြားရယူထားတဲ့ နိုင်ဂျာလို အာဖရိကနိုင်ငံတွေဟာ ဘာကြောင့်များ စီးပွားရေးကျဆင်းပြီး လုံခြုံမှုမရှိဆုံးဖြစ်နေရသလဲ”**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**ရေနံချောင်း ဩဂုတ် ၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမအကြိမ် ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က အဆိုပါ တက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကာယကြံ့ခိုင်မှုမယ် ဗိုလ်လုပွဲကျင်းပခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ကာယဗလမောင် ဗိုလ်လုပွဲကျင်းပခြင်း၊ မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ လက်ရှိချန်ပီယံ အလေးမသရုပ်ပြသမှုနှင့် ကာယဗလမောင် သရုပ်ပြသမှု အစီအစဉ်များဖြင့် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားအဖွဲ့ နာယကဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၊ ပါမောက္ခ (ဌာနမှူး)များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ကာယဗလမောင် ပြိုင်ပွဲတွင် မေဂျာပေါင်းစုံမှ ကျောင်းသား ၁၀ ဦးနှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် မေဂျာပေါင်းစုံမှ ကျောင်းသူ ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆုကို သင်္ချာမေဂျာမှ ခါးနံပါတ်(၈) မောင်ခနေလှိုင်နှင့် ဒုတိယဆုကို ခါးနံပါတ်(၁) မောင်ရန်အောင်ခိုင်နှင့် တတိယဆုရရှိသည့် ဓာတုဗေဒမေဂျာမှ ခါးနံပါတ်(၄) မောင်ကောင်းဆက်နိုင်တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ အထူးဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြန်မာစာမေဂျာမှ ခါးနံပါတ်(၁၁) မသဲဆုမြတ်နိုး၊ ဒုတိယဆုရရှိသည့် ရုက္ခဗေဒမေဂျာမှ ခါးနံပါတ်(၉) မဇင်နန်းဦးနှင့် တတိယဆုရရှိသည့် ပထဝီဝင်မေဂျာမှ ခါးနံပါတ်(၃) မအေးအေးငြိမ်းတို့အား တိုင်းဒေသကြီး အားကစားအဖွဲ့ နာယကဥက္ကဋ္ဌက လည်းကောင်း၊ အထူးဆုရရှိသူများအား ရေနံချောင်း တက္ကသိုလ် ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပေးသည်။

မြို့နယ်
(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီမြို့နယ်၌ စပါးအထွက်တိုးရရှိအောင် တောင်သူများအား မှာကြား

**သာယာဝတီ ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် သာယာဝတီမြို့နယ် သင်တောရိုး ကျေးရွာအုပ်စု ရန်ကုန်-ပြည်လမ်း မိုင်တိုင် ၈၁/၂ ရှိ တောင်သူ ဦးရဲနိုင်ဦး ပိုင်ဆိုင်သော ဦးပိုင်အမှတ် ၂၅ ၊ ကွင်းအမှတ် ၁၂၅၁ ၏ လယ်မြေ၌ ဩဂုတ် ၆ ရက်က လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာအောင်တို့က မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စပါးအထွက်တိုး ရရှိအောင် ပေါင်းသင်ခြင်း၊ မြေဆီကျွေးခြင်း၊ အားဆေးဖျန်းခြင်း၊ ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများ စနစ်တကျ ပြုလုပ်ဆောင်ရွက်ကြရန် မှာကြားသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

# မော်လမြိုင်ကျွန်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်စနေနေ့တိုင်း မြို့နယ်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က အမှတ်(၁)ရပ်ကွက် ကျွန်းလုံးကပ်ကာ စေတီတော်မြတ်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ Green City၊ Clean City၊ Smart City ဖြစ်စေရေး၊ သန့်ရှင်းသာယာသော မြို့ဖြစ်စေရေးအတွက် ရည်ရွယ်၍ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# တောမဲ့မြေသား၊ ရေတိုက်စား၏

*စာမျက်နှာ ၁၁ မှ*

အာဏာသိမ်းအောင်မြင်မှုရာနှုန်းဟာ နောက်ပိုင်းမှာ များလာပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တည်း ရှစ်ကြိမ်မှာ အောင်မြင်မှု ၇၅ ရာခိုင်နှုန်းအထိရှိခဲ့တယ်လို့ တွေ့ရှိရပါတယ်။ ဒီအချက်က ဘာကိုပြသလဲဆိုရင် သက်ဆိုင်ရာ ဒေသတွင်းမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး မတည်မငြိမ်ဖြစ်မှုများကြောင့် မကြာခဏ အာဏာ သိမ်းခြင်းများဖြစ်ရသလို မတည်ငြိမ်မှု မြစ်ဖျားခံရာ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့မျိုးစုံဟာ ဒေသတွင်းမှာ ခြေကုပ်ယူထားနိုင်တဲ့ အချက်တွေလည်းပါဝင်နေတာ တွေ့ရပါတယ်။ တစ်ဆက်တည်း အရပ်သား နိုင်ငံရေးအစိုးရတွေနဲ့ စစ်သွေးကြွတွေကို နှိမ်နင်းရတဲ့ တပ်မတော်များအကြား အမြင်မတူမှုတွေရှိလာပြီး နောက်ဆက်တွဲနိုင်ငံရေး၊ လုံခြုံရေး ပဋိပက္ခတွေ ပေါ်ပေါက်လာခြင်းဟာလည်း အကြောင်းရင်းတွေအဖြစ် ရပ်တည်နေပါတယ်။

**နှိုင်းယှဉ်သုံးသပ်စေလို**

အခြေအနေကတော့ ပြင်သစ်နဲ့အနောက်အုပ်စုတွေဟာ အာဖရိကနယ်မြေကနေ ထွက်ခွာရတော့မယ့်အခြေအနေဆီ ဦးတည်နေပါပြီ။ ဒါပေမယ့် နိုင်ဂျာအနာဂတ်အခြေအနေက လောလောဆယ် ခန့်မှန်းရခက်ဆဲ အခြေအနေမှာပဲ ရှိပါသေးတယ်။ အမေရိကန်နဲ့အနောက်အုပ်စုရဲ့ အာဖရိကအိပ်မက်ကတော့ အဆုံးသတ်ဖို့ သေချာသလောက်ရှိနေပြီဖြစ်သလို နိုင်ဂျာဟာ အနောက်အုပ်စုနဲ့ ရုရှား၊ တရုတ်နိုင်ငံတို့ရဲ့ ပထဝီနိုင်ငံရေးကစားကွင်းသစ်တစ်ခုအဖြစ်လည်း ဖြစ်မှန်းမသိဖြစ်လာနေပါပြီ။ အပြောင်းအလဲဆန်တဲ့ အခြေအနေသစ်တွေဟာ ကမ္ဘာအနှံ့မှာ မြန်ဆန်လွန်းနေတာ မျက်ခြည်မပြတ်လေ့လာနေဖို့ လိုအပ်သလို ကျွန်တော်တို့ဆီက အနောက်မျှော် အတွေးအခေါ်သမားတွေအနေနဲ့လည်း ဒီအချက်ကို သတိထားဆင်ခြင်ကြဖို့ လိုအပ်မယ်လို့ယူဆပါတယ်။ အာဖရိကပြည်သူတွေသဘောပေါက်သလို ကျွန်တော်တို့အာရှသားတွေလည်း သဘောပေါက်သင့်ပါပြီ။ အရေးကြုံရင် အခက်အခဲကို ဖြေရှင်းပေးတတ်တဲ့ မိတ်ဆွေအစစ်အမှန်ဟာ ဘယ်သူလဲ။ အဖြူ၊ အမည်းသဲကွဲသွားပြီဖြစ်တဲ့ အာဖရိကသင်ခန်းစာကိုယူပြီး ကျွန်တော်တို့ပြည်သူတွေ တကယ့်အခြေအနေမှန်ကိုနားလည်သင့်ပါပြီ။ နိုင်ဂျာဒီမိုကရေစီရှင်သန်ဖို့နဲ့ စစ်သွေးကြွဂျီဟာဒ်တွေကို နှိမ်နင်းဖို့ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေ ခြေကုပ်ယူထားပေမယ့် နောက်ဆုံးရလဒ်ကတော့ ဘယ်လိုဖြစ်နေသလဲ၊ မြင်တဲ့အတိုင်းပါပဲ။ နိုင်ငံကို တည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မပေးနိုင်ခဲ့တဲ့ ပြင်သစ်၊ အမေရိကန်စတဲ့ ကိုလိုနီနယ်ချဲ့တွေရဲ့ လွှမ်းမိုးမှုကို အာဖရိကန်တွေက မလိုလားတော့ဘူးဆိုတာလည်း ထင်ရှားလာပါတယ်။ နိုင်ငံခြားတပ်ဖွဲ့တွေကို အထင်ကြီးအားကိုး ကိုယ့်ဆီအလည်ဖိတ်ခေါ်ချင်သူတွေအတွက် သင်ခန်းစာယူ သတိပြုမိနိုင်အောင်ဖြစ်ပါတယ်။ အာဆီယံနဲ့ မိမိတို့မြန်မာနိုင်ငံအခြေအနေများနဲ့ အလားတူ ECOWAS ကို ကြိုးကိုင်ပြီး နိုင်ဂျာပြည်တွင်းရေးကို ဝင်နှောက်လာမယ့် အနောက်အုပ်စုရဲ့ အနေအထားတွေကို ကြိုတင်မြင်ပြီး နှိုင်းယှဉ်သုံးသပ်နိုင်ပါတယ်။

နိုင်ဂျာဖြစ်စဉ်ကိုကြည့်ရင် နောက်ပြန်လျှောဆင်းနေတဲ့ ဒီမိုကရေစီဟာ ပြည်သူတွေအတွက် အလုံးစုံမျှော်လင့်ချက်တစ်ခု ဖြစ်တယ်ဆိုတဲ့အချက်ကို သံသယဝင်မိပါတယ်။ သယံဇာတအရင်းအမြစ်ပေါကြွယ်ဝပေမယ့် စွမ်းဆောင်ရည်မပြည့်ဝတဲ့ အစိုးရတစ်ရပ်ဟာ ဘယ်လိုချမ်းသာကြွယ်ဝမှုမျိုးမှ ပေးနိုင်မှာမဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။ နိုင်ငံခြားစစ်တပ်တွေ အခြေပြုခွင့်ပေးထားပြီး နိုင်ငံခြားဩဇာခံတစ်ဦးအုပ်ချုပ်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းမှာ စည်းလုံးညီညွတ်မှုမရှိ၊ တရားဥပဒေစိုးမိုးမှုမရှိ၊ ငြိမ်းချမ်းမှုမရှိ၊ တည်ငြိမ်မှုမရှိ စတဲ့ အခြေအနေများသာ ကြုံရတတ်ကြောင်း မြင်တွေ့နိုင်ပါတယ်။ နောက်ဆုံးမှာ နိုင်ငံအချုပ်အခြာအမိမြေလုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရမယ့် တာဝန်များဟာ တပ်မတော်အပေါ်မှာပဲ ကျရောက်လာတဲ့အခြေအနေမျိုးတွေကို ဆင်ခြင်နေရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ မိမိပြည်တွင်းရေးနဲ့တကွ ဒေသတွင်းကိုပါ ဂယက်ရိုက်ခတ်လာနိုင်တာနဲ့အတူ မိမိနိုင်ငံအရေးရောပြောင်းလဲလာမယ့် ပထဝီနိုင်ငံရေးအခြေအနေများကိုပါ ကြိုတင်တွက်ဆ မြော်တွေးနိုင်စွမ်းရှိဖို့လိုတယ်ဆိုတဲ့ အချက်များကို စဉ်းစားမိရင်းက... ယခုလို နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်နဲ့ သင်ခန်းစာယူလောက်စရာများကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ ။

# မြိတ်ခရိုင်အတွင်း ရေငန်ပုစွန်၊ ကျောက်ငါးနှင့် ကကတစ်ငါးများ တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မြိတ် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ရေငန်ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး အလုပ်ရုံဆွေးနွေးပွဲကို ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဩဂုတ် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် မြိတ်ခရိုင်အတွင်းရှိ ရေငန်ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက အမှာစကား ပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက ရေငန်ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းက ရေငန်ပုစွန်တိုးချဲ့မွေးမြူဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

"အလုပ်ရုံဆွေးနွေးပွဲက ရေငန်ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေးမြှင့်တင်ဖို့ အဓိကရည်ရွယ်တာဖြစ်ပါတယ်။ ဒီဒေသက ရေလုပ်ငန်းနဲ့ အဓိကဖွံ့ဖြိုးတိုးတက်တာဖြစ်ပါတယ်။ ဒါပေမယ့် ဖမ်းဆီးရေးက အဓိကဖြစ်ပါတယ်။ ဖမ်းဆီးရေးက ထုတ်ယူသုံးစွဲတာ အခုဆိုရင် နှစ်ပေါင်းများစွာကြာတဲ့ အခါကျတော့ ပင်လယ်ပြင်ရဲ့ သယံဇာတဟာ ထိခိုက်လာပြီဖြစ်တယ်။ ဒါထက်ပိုပြီး ထုတ်လုပ်မယ်ဆိုရင်လည်း သယံဇာတပြုန်းတီးမှုတွေဖြစ်လာနိုင်တယ်။ ဒီဒေသမှာ ကိုက်ညီတဲ့ ရေငန်ပုစွန်ဖြူမွေးမြူတာ အောင်မြင်နေတဲ့အတွက် တိုးချဲ့မွေးမြူနိုင်ဖို့၊ အမယ်သစ် ရေငန်ငါးတွေကို ဘယ်လိုတိုးချဲ့မွေးမြူမလဲဆိုတာကို ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေနဲ့ တကယ်မွေးမြူနေတဲ့ အခြေအနေကို တွေ့ဆုံပြီး တိုးချဲ့မွေးမြူနိုင်ဖို့ ရည်ရွယ်ပြီး ကျင်းပတာဖြစ်ပါတယ်" ဟု ခရိုင် ငါးလုပ်ငန်းဦးစီးမှူးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရေငန်ငါး၊ ပုစွန်တိုးချဲ့မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် မြေနေရာရရှိရေး၊ သားပေါက်ရရှိရေး၊ အစာရရှိရေး၊ ဈေးကွက် အခြေအနေများနှင့် အခက်အခဲများ၊ ဒေသနှင့် ကိုက်ညီသော ငါးအမျိုးအစားများ ရွေးချယ်ခြင်းများကို မွေးမြူရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြရာ မွေးမြူရေးပညာရှင်များ၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်သုတေသနဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

မြိတ်ခရိုင်အတွင်း ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် မြေကေ ၁၂၇၁ ဒသမ ၈၂ ကျော်တွင် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ပုစွန်ကန် ၁၄၅ ကန် တူးဖော်ဆောင်ရွက်လျက်ရှိသည်။ မြေကေ ၂၉၇၂ ဒသမ ဝ၆ ခန့်တွင်လည်း ရေငန်ပုစွန်မွေးမြူရေးကန်များ တိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ မြိတ်ခရိုင်အတွင်း မွေးမြူနေသော ငါးအမျိုးအစား နှစ်မျိုးရှိပြီး ကျောက်ငါးနှင့် ကကတစ်ငါးမျိုးများဖြစ်ကာ လက်ရှိအချိန်တွင် ကကတစ်ငါးမွေးမြူရေးကိုဧက ၆၄ ဒသမ ၁၃ နှင့်ကျောက်ငါးမွေးမြူရေးကို ဧက ၃၀ တို့တွင် မွေးမြူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြိတ်ခရိုင်မှ မွေးမြူထုတ်လုပ်သော ရေငန်ပုစွန်များကို ရောင်းချမှုဈေးကွက်အနေဖြင့် ပြည်တွင်း အအေးခန်းကုမ္ပဏီများ၊ ဒေသတွင်းရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းများရှိကြောင်း၊ ကကတစ်ငါးကို ဒေသတွင်းဈေးများ၊ စားသောက်ဆိုင်များသို့ ရောင်းချကြကြောင်း၊ ကျောက်ငါးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၅၀၀၀ လျာထားစိုက်ပျိုးနေ

**ပွင့်ဖြူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံဧက ၅၀၀၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့အထိ ချည်မျှင်ရှည်ဝါသီးနှံ ၁၈၇၃ ဧက စိုက်ပျိုးဆောင် ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး ဝါသီးနှံစိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇွန်လဆန်းပိုင်းကစ၍ စိုက်ပျိုးခဲ့ရာ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသတွင်းရှိ ဝါသီးနှံစိုက်ပျိုးတောင်သူများအား အခြေခံစိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"အခုနှစ်မှာ ချည်မျှင်ရှည်ဝါကို ကန်ပြည့်ကျေးရွာ၊ ကျွဲတိကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ရေပုတ်လေးကျေးရွာနဲ့ ကုလားဟောင်းကျေးရွာတို့မှာ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူတွေ ဝါသီးနှံစိုက်ပျိုးရာမှာ သီးနှံအထွက်နှုန်းတိုးတက်စေဖို့ လုပ်ဆောင်ရမယ့် စိုက်ပျိုးနည်းစနစ်တွေ၊ သီးနှံပိုးမွှားရောဂါ မကျရောက်အောင် ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ၊ စိုက်ပျိုးရေးသွင်းအားစု စနစ်တကျ သုံးစွဲနည်းတွေ၊ စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ် သက်သာစေမယ့် ကိုယ်တိုင်သဘာဝမြေသြဇာနဲ့ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းစနစ်တွေစတဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါသီးနှံမျိုးများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# မိုင်းပန်မြို့နယ်၌ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး သင်တန်းဖွင့်

**မိုင်းပန် ဩဂုတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ တောင်သူလယ်သမားများ စိုက်ပျိုးထားရှိသောသီးနှံများ အထွက်နှုန်းတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးသင်တန်းကို နောင်မိုင်ကျေးရွာခန်းမ၌ ဩဂုတ် ၆ ရက်က ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဦးစိုးမင်းဦးက စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး ရှင်းလင်းပြောကြားခဲ့ပြီးနောက် သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားများအား မြေသြဇာများနှင့် မြက်ပေါင်းသတ်ဆေးများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

**နေဘ်မှိုင်း(ပြန်/ဆက်)**

# လှိုင်းဘွဲ့ - ဘားအံကားလမ်း ရေကျော်သည့်နေရာများ၌ ကျေးရွာလူငယ်များ ကူညီပေးလျက်ရှိ

**လှိုင်းဘွဲ့ ဩဂုတ် ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေနှင့် မိုးရေလျှံမှုတို့ကြောင့် မြို့နယ်အတွင်းရှိ လှိုင်းဘွဲ့-ဘားအံမော်တော်ကားလမ်းပိုင်းအချို့တွင် ကားလမ်းရေကျော်မှု ဩဂုတ် ၅ ရက်က ဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်ငယ်အချို့နှင့် မော်တော်ဆိုင်ကယ်စီး ခရီးသွားပြည်သူများအနေဖြင့် ဖြတ်သန်းသွားလာရမှု အခက်အခဲအနည်းငယ် ကြုံတွေ့ခဲ့ကြရသည်။

အဆိုပါ မော်တော်ကားလမ်းရေကျော်သည့် နေရာအချို့အနက် ဒိုင်းပြကျေးရွာအနီးတွင် ရေအနက် နှစ်ပေဝန်းကျင်ခန့်သာရှိသော်လည်း ရေစီးသန်လွန်းသည့်အတွက် ဒိုင်းပြကျေးရွာအတွင်းရှိ လူငယ်များက မော်တော်ယာဉ်ငယ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ကြစေရေးအတွက် ကူညီလမ်းပြပေးခြင်းနှင့် မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားလာကြရသည့် ပြည်သူများ၏ မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကားလမ်းရေကျော်သည့်နေရာမှ ရေလွတ်သည့်နေရာများသို့ ကူတွန်းပို့ပေးခြင်း၊ အသက်အရွယ်ကြီးသူနှင့် ကလေးငယ်ပါသော မိခင်နှင့်ကလေးငယ်များအား ကူညီပို့ဆောင်ပေးခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖားကန့်မြို့နယ် မော်စီစာကျေးရွာ၌ ရေကန်ကမ်းပါး ပြိုကျမှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

**ဖားကန့် ဩဂုတ် ၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာဘေးရှိ ရေကန်အစပ်တွင် ဩဂုတ် ၅ ရက်က ကမ်းပါးယံမြေစာပြိုကျမှုကြောင့် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်နှစ်ဦး မျောပါသွားခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်စီစာကျေးရွာဘေးရှိ ရေကန်အစပ်၌ နေထိုင်သော ဒေါ်မိုးကြည်(၄၈ နှစ်)၊ မောင်အောင်ကြယ်ဇင်လင်း (၁၀ နှစ်)၊ မောင်ဖြိုးခန့်အောင် (နှစ်နှစ်)နှင့် ဒေါ်ခင်ဆွေမာ (၃၇ နှစ်) တို့သည် ရေကန်၌ ရေဆင်းချိုးနေကြစဉ် ကမ်းပါးပြိုကျမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး ဒေါ်မိုးကြည်နှင့် ကလေးနှစ်ဦးအား ကျေးရွာဒေသခံများက ပြန်လည်ဆယ်ယူ ကယ်တင်နိုင်ခဲ့သော်လည်း ဒေါ်ခင်ဆွေမာမှာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အီဂျစ်သမ္မတနှင့် ယူအေအီးသမ္မတတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**ကိုင်ရို ဩဂုတ် ၆**

အီဂျစ်သမ္မတ အက်ဖ်ဒယ်ဖတာ အယ်စီစီသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) သမ္မတ ရှိတ်မိုဟာမက်ဘင်ဇာရက်အယ်နာဟရန်နှင့် ဩဂုတ် ၅ ရက်က နယူးအယ်လမိန်မြို့၌ နှစ်နိုင်ငံအကြား နောက်ထပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးကြကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်များ ခိုင်မာအားကောင်းစေရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်သမ္မတက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် အီဂျစ်နှင့် ယူအေအီးနိုင်ငံအကြား အားကောင်းခိုင်မာသည့် ဆက်ဆံရေးများကိုလည်း အလေးပေးဆွေးနွေးခဲ့ကြသည်။ သမ္မတနှစ်ဦးသည် ဒေသတွင်းနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး ကြီးထွားလာသည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အာရပ်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အရေးကြီးကြောင်း သဘောတူညီခဲ့သည်။

ဆင်ဟွာ



ယူအေအီးသမ္မတ ရှိတ်မိုဟာမက်ဘင်ဇာရက်အယ်နာဟရန်နှင့် အီဂျစ်သမ္မတ အက်ဖ်ဒယ်ဖတာအယ်စီစီ။

## အိန္ဒိယနိုင်ငံ၏ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်-၃ လပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်

**နယူးဒေလီ ဩဂုတ် ၆**

အိန္ဒိယနိုင်ငံ၏တတိယမြောက် လကမ္ဘာသို့စေလွှတ်သည့် မစ်ရှင်ဖြစ်သော ချန်ဒရာယန်-၃ မှာ လပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားပြီဖြစ်ကြောင်း အိန္ဒိယအာကာသ သုတေသနစူးစမ်းလေ့လာရေး အဖွဲ့အစည်း (အိုင်အက်စ်အာအို) က ဩဂုတ် ၆ ရက်တွင် ပြောသည်။ ဂြိုဟ်တုမှ ၎င်း၏စင်တာများဆီသို့ သတင်းစကားပေးပို့ခဲ့သည်။ ချန်ဒရာယန်-၃ မှာ လ၏ဆွဲအားကို စတင်ခံစားမိနေပြီဟု သတင်းပေးပို့ခဲ့ခြင်း ဖြစ်သည်။

လပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားပြီးသည့်နောက် ချန်ဒရာယန် -၃ မှာ လကို အကြိမ်များစွာ လှည့်ပတ်ကာ တဖြည်းဖြည်းချင်း ချဉ်းကပ်သွားရန် စီစဉ်ထားသည်ဟု အိန္ဒိယနိုင်ငံပိုင်ရုပ်သံဖြစ်သည့် အေအိုင်အာက ပြောသည်။ လမျက်နှာပြင်နှင့် ကီလိုမီတာ ၁၀၀ အကွာသို့ရောက်ရှိပါက လပေါ်သွားယာဉ်ကို လမျက်နှာပြင်ပေါ်သို့ ချထားမည်ဖြစ်သည်။

ဩဂုတ် ၂၃ ရက်တွင် လ၏တောင်ဝင်ရိုးစွန်းတွင် ညင်သာသည့်ဆင်းသက်မှု ပြုလုပ်မည်ဖြစ်ပြီး အာကာသယာဉ်သည် ရက် ၄၀ ကြာခရီးစဉ်ကို အဆုံးသတ်မည်ဟု မျှော်လင့်ထားသည်။ ချန်ဒရာယန်-၃ ကို ဇူလိုင် ၁၄ ရက်က စတင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ချန်ဒရာယန် -၂ ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် လွှတ်တင်ခဲ့သည်။ သို့သော်လည်း ၂၀၁၉ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ခြင်းမပြုမီ အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

ဆင်ဟွာ

## ဂျော်ဂျီယာ၌ မြေပြိုမှုမှ သေဆုံးသူ ၁၇ ဦးအထိတိုးလာ

**တဘီလီဆီ ဩဂုတ် ၆**

ဂျော်ဂျီယာနိုင်ငံ အနောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် ဩဂုတ် ၆ ရက်အထိ သေဆုံးသူ စုစုပေါင်း ၁၇ ဦး အထိတိုးလာကြောင်း နိုင်ငံ၏ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုအချိန်အထိ ကယ်ဆယ်ရေးသမားများက သေဆုံးသူ ၁၇ ဦးကို တွေ့ရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း လူ ၂၀၀ ကျော်ကို ဘေးကင်းရာသို့ ပို့ဆောင်ပေးထားကြောင်း ဝန်ကြီးဌာနက ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားပြီးနောက် လူ ၂၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်သည့်အတွက် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ဒေသတွင်း သတင်းများက ခန့်မှန်းထားသည်။ ဒါဇင်နှင့်ချီသည့် စက်ကိရိယာများက ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း ဂျော်ဂျီယာကျန်းမာရေးဝန်ကြီး ဇူရက် အဇာရာရှီဗီလီက ဩဂုတ် ၅ ရက်က ပြောကြားသည်။

ဆင်ဟွာ

## ပါကစ္စတန်၌ ခရီးသည်တင်ရထားလမ်းချော်မှုကြောင့် ၂၂ ဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၆**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ ဩဂုတ် ၆ ရက်က ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာ ၂၂ ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံရဲများက ပြောသည်။

ရှာဒါပေါ်ဒေသ ဆာဟာရီဘူတာရုံမှ ထွက်ခွာလာပြီးနောက် ဟာဇာရာ အမြန်ရထား၏ လူစီးတွဲ ၁၀ တွဲ လမ်းချော်မှု ဖြစ်ပွားခဲ့သည်ဟု ရဲမှူးကြီး ရှန်ဂဟာ အဘစ်အလီဘလို့ချ်က ဆင်ဟွာသို့ ပြောသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ရဲများနှင့် ကယ်ဆယ်ရေးအသင်းများ အလျင်အမြန်ရောက်ရှိလာပြီး တွဲချော်နေသည့်တွဲများမှ လူများကို ကယ်တင်ခဲ့သည်။ ထို့နောက် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဒဏ်ရာရရှိသူများထဲတွင် စိုးရိမ်ရသည့် အခြေအနေရှိသူများ ပါဝင်သဖြင့် သေဆုံးသူဦးရေမှာ ထပ်တိုးလာနိုင်သည်ဟု ရဲများကပြောသည်။

ဟာဇာရာ အမြန်ရထားမှာ တောင်ပိုင်းဆိပ်ကမ်းမြို့ ကရာချိမှ ဩဂုတ် ၆ ရက်တွင် ထွက်ခွာလာပြီး ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်သည်။

ရထားလမ်း တွဲချော်မှုကြောင့် ရထားလမ်း အစုန်-အဆန် နှစ်ဖက်စလုံးမှ သွားလာမှုများ ရပ်ဆိုင်းသွားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပါကစ္စတန်တပ်ဖွဲ့၏ အကူအညီကို ဒေသခံအစိုးရအဖွဲ့က တောင်းခံထားသည်။

ရထားအင်ဂျင်မှာ ဆက်သွယ်မှု ပြတ်တောက်ပြီးနောက် ရထားတွဲချော်မှု ဖြစ်ပွားခဲ့သည်ဟု မျက်မြင်သက်သေ တစ်ဦးက ပြောသည်။ သို့သော်လည်း မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးချေ။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ လူပေါင်း ၉၀၀၀၀ ခန့် မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရ

**ကိုလံဘို ဩဂုတ် ၆**

သီရိလင်္ကာနိုင်ငံ ပြည်နယ်လေးခုမှ လူပေါင်း ၉၀၀၀၀ ခန့်မှာ မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က ဩဂုတ် ၆ ရက်တွင် ပြောသည်။

အဆိုပါ ပြည်နယ်လေးခုမှာ ဆာရာဂါမူဝါ၊ အရှေ့ပိုင်း၊ အနောက်မြောက်နှင့် မြောက်ပိုင်းပြည်နယ်များဖြစ်ကြောင်း ဒီအမ်စီက ပြောသည်။ မိုးခေါင်ရေရှားမှုဒဏ်ကို မိသားစု ၂၇၈၈၅ စုမှ လူပေါင်း ၈၉၄၈၅ ဦး ခံစားခဲ့ရကြောင်း၊ မြောက်ပိုင်းပြည်နယ်ရှိ ဂျက်ဖ်နာသည် မိုးခေါင်ရေရှားမှုဒဏ်ခံရသည့် မိသားစု ၂၁၇၁၄ စုမှ လူပါင်း ၆၉၁၁၃ ဦး ရှိသည့်အတွက် အဆိုးရွားဆုံးခံစားရသည့် ခရိုင်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် မုတ်သုံဝင်ရောက်မှု နှောင့်နှေးခြင်းကြောင့် မိုးခေါင်ရေရှားမှု ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၃၀၀ ကျော်လာ

**ဒါကာ ဩဂုတ် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ် ၅ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် နောက်ထပ်သေဆုံးသူ ၁၀ ဦးနှင့် ကူးစက်ခံရသူ ၂၄၉၅ ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) ၏ အစီရင်ခံဖော်ပြချက်သော ကိန်းဂဏန်းအရ ယခုနှစ်တွင် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ အတည်ပြုကူးစက်ခံရသူပေါင်း ၆၃၉၆၈ ဦး အထိရှိလာကာ သေဆုံးသူပေါင်းမှာလည်း ၃၀၃ ဦး အထိရှိလာပြီ ဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့်လတွင် သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၃၈၅၄ ဦးနှင့် သေဆုံးသူ ၂၀၄ ဦးရှိသည့်အတွက် ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအမြင့်ဆုံးဖြစ်ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။

ဆင်ဟွာ

# ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက လောကလူသားတွေအပေါ် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုအဖြစ်ရှိနေ

*လင်းလက်ကြယ်*

> ❛ နှစ်စဉ်နှစ်တိုင်း အပူနဲ့ဆက်စပ်တဲ့ဖြစ်ရပ်တွေကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးနေရတဲ့အတွက် အပူလှိုင်းကျရောက်မှုဟာ လူသားတွေ အသက်ဆုံးရှုံးနိုင်တဲ့ အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်တွေထဲက တစ်ခုဖြစ်တယ်လို့ ဒဗလျူအမ်အိုက ထောက်ပြပါတယ်။ မြေထဲပင်လယ်ရဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ လာမယ့်ရက်တွေ သို့မဟုတ် သီတင်းပတ်တွေမှာ သိသိသာသာ မြင့်တက်လာမယ်လို့ ဒဗလျူအမ်အိုက သတ်မှတ်ထားပါတယ်။ ❜

**ရာသီ** ဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုတာ ဒေသတစ်ဝန်း၊ နိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်ဝန်း အချိန်မရွေး ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ယနေ့ကမ္ဘာ့နေရာဒေသအသီးသီးမှာ မိုးခေါင် ရေရှားမှုတွေ၊ ပြင်းထန်တဲ့ လျှင်လှုပ်ခတ်မှုတွေအပြင် အပူချိန်လွန်ကဲတာတွေ၊ မိုးသည်းထန်စွာရွာသွန်းရာမှ ဖြစ်ပေါ်လာတဲ့ ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေစတဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လျက်ရှိပါတယ်။

## ပျက်စီးဆုံးရှုံးမှုကတော့ အနည်းနဲ့အများ ရှိနေဆဲ

သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လို့ အချို့နေရာဒေသတွေမှာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေ ကြိုတင်တည်ဆောက်ထားတာ၊ လျှင်ဒဏ်ခံ အဆောက်အအုံတွေ ကြိုတင်တည်ဆောက်ထားတာတွေ ရှိပေမယ့် ပျက်စီးဆုံးရှုံးမှုကတော့ အနည်းနဲ့အများ ဆိုသလို ရှိနေဆဲပါပဲ။ နောက်ပြီး သက်ဆိုင်ရာ ဌာနတိုင်း၊ နိုင်ငံတိုင်းက အပူချိန်လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အပူလျှပ်အန္တရာယ် ကာကွယ်ရေးနည်းလမ်းတွေ မည်သို့ပင် ကြိုတင်ဆောင်ရွက်ထားရှိစေကာမူ အပူလျှပ်တဲ့ အန္တရာယ်ကြောင့် ဆေးရုံဆေးခန်းပို့ရတဲ့ လူတွေ ဒုနဲ့ဒေး ရှိနေဆဲပါပဲ။

အခု ၂၀၂၃ ခုနှစ် နွေရာသီကတော့ ပူပြင်းလွန်းတဲ့ နွေရာသီတစ်ခုအဖြစ် ရှိနေပြီး ရလဒ်အနေနဲ့ လူသားတွေရဲ့ ကျန်းမာရေးနဲ့ပတ်ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်ပျက်စီးစေတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ (ဒဗလျူအမ်အို) က မကြာသေးခင်က ပြောကြားထားပါတယ်။ ပြင်းထန်တဲ့ အပူချိန်နဲ့ မိုးသည်းထန်စွာရွာသွန်းမှုတွေ အပါအဝင် အလွန်ဆိုးရွားတဲ့ ရာသီဥတုက ပူပြင်းလွန်းတဲ့ ယခုနှစ် နွေရာသီမှာ ကမ္ဘာ့နေရာဒေသအများအပြားကို ကြီးကြီးမားမား သက်ရောက်မှု ဖြစ်ပေါ်စေတယ်လို့ သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဒဗလျူအမ်အိုမှ ပြောရေးဆိုခွင့်ရှိသူ ကလဲယားနူးလစ်က ဆိုပါတယ်။

## အပူချိန်စံချိန်သစ်မှတ်တမ်းတွေ ဖော်ပြထား

ဒါ့အပြင် ဇူလိုင်လမှာ ကမ္ဘာတစ်ဝန်း အပူချိန်တွေ စံချိန်သစ်တင်ခဲ့ပြီး ယခု ဩဂုတ်လမှာလည်း တောင်အာဖရိကဒေသအနှံ့အပြားမှာ ဆောင်းရာသီ အပူလှိုင်း ကျရောက်နေတယ်လို့ ပြောပါတယ်။ အလွန်ပူပြင်းတဲ့ ရာသီဥတုဖြစ်စဉ်တွေကြောင့် ပြင်သစ်၊ ဂရိ၊ အီတလီ၊ စပိန်၊ အယ်လ်ဂျီးရီးယားနဲ့ တူနီးရှားတို့ကဲ့သို့ နိုင်ငံတွေက နေ့ခင်းဘက်နဲ့ ညဘက်တွေမှာ အပူချိန်စံချိန်သစ်မှတ်တမ်းတွေကို အစီရင်ခံဖော်ပြထားတာ တွေ့ရတယ်။ အမေရိကန်နိုင်ငံရဲ့ ဒေသအများအပြားမှာလည်း ပြင်းထန်တဲ့ အပူလှိုင်းကျရောက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

နှစ်စဉ်နှစ်တိုင်း အပူနဲ့ဆက်စပ်တဲ့ ဖြစ်ရပ်တွေကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးနေရတဲ့အတွက် အပူလှိုင်းကျရောက်မှုဟာ လူသားတွေ အသက်ဆုံးရှုံးနိုင်တဲ့ အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်တွေထဲက တစ်ခုဖြစ်တယ်လို့ ဒဗလျူအမ်အိုက ထောက်ပြပါတယ်။ မြေထဲပင်လယ်ရဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ လာမယ့်ရက်တွေ သို့မဟုတ် သီတင်းပတ်တွေမှာ သိသိသာသာ မြင့်တက်လာမယ်လို့ ဒဗလျူအမ်အိုက သတ်မှတ်ထားပါတယ်။

## ကနေဒါမှာ စံချိန်တင် တောမီးလောင်ကျွမ်းမှုဖြစ်

အခုနှစ် ကမ္ဘာတစ်ဝန်းမှာ ဖျက်အားပိုပြင်းတဲ့ တောမီးတွေ မကြာခဏလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ကနေဒါနိုင်ငံဟာ စံချိန်တင်တောမီးလောင်ကျွမ်းမှုနဲ့ ကြုံတွေ့နေရတယ်လို့ မကြာသေးမီက ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ဒဗလျူအမ်အိုမှ ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။ လက်ရှိမှာလည်း ကနေဒါနိုင်ငံမှာ စံချိန်တင်တောမီးလောင်ကျွမ်းမှု ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ဇူလိုင် ၂၄ ရက်အထိ တောမီးလောင်မှု အကြိမ် ၆၅၀ ကို မထိန်းချုပ်နိုင်ဘူးလို့ သိရပါတယ်။

ယခုနှစ် တောမီးလောင်ကျွမ်းမှုဟာ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေပြီး ကနေဒါနိုင်ငံပြီးရင် ဥရောပမှာ ဂရိ၊ အီတလီ၊ တောင်အမေရိကမှာ ချီလီ၊ အာရှမှာ ကာဇက်စတန်စတဲ့ နိုင်ငံတွေအပြင် အမေရိကန်နိုင်ငံမှာလည်း ဆိုးဆိုးရွားရွား တောမီးလောင်ကျွမ်းတာကို တွေ့နိုင်ပါတယ်။ အာရှက ကာဇက်စတန်မှာ လောင်ကျွမ်းတဲ့ တောမီးဆိုရင် ဟက်တာ ၆၀၀၀၀ အထိ လောင်ကျွမ်းပျက်စီးခဲ့တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။ သေဆုံးသူလည်း ၁၅ ဦး ရှိပါတယ်။ အဲဒီနောက်မှာ သမ္မတ ကာဆမ်ဂျိုးမတ် တိုကိုယက်ဗ်က နိုင်ငံအရှေ့ပိုင်း အဘိုင်ဒေသမှာ လောင်ကျွမ်းတဲ့တောမီးကို ငြိမ်းသတ်ဖို့ ကြိုးစားရင်း အသက်ဆုံးရှုံးသွားတဲ့ သစ်တောလုပ်သားတွေကို ရည်ရွယ်ကာ ဇွန် ၁၂ ရက်ကို နိုင်ငံတော်ဝမ်းနည်းကြေကွဲဖွယ်နေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

## မီးသတ်သမားပေါင်း ၅၆၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ရ

ဒါ့အပြင် ချီလီတောမီးမှာဆိုရင် မီးလောင်ပြင်ဧရိယာ ဟက်တာ ၄၃၀၀၀၀ ရှိပြီး သေဆုံးသူ ၂၆ ဦးနဲ့ မစိုးရိမ်ရ ထိခိုက်ဒဏ်ရာရရှိသူ ၂၁၈၀ ရှိပါတယ်။ တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန်အတွက် အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ စပိန်၊ အမေရိကန်၊ မက္ကဆီကို၊ ပီရူး၊ ဗင်နီဇွဲလားနဲ့ ဥရောပသမဂ္ဂတို့မှ မီးသတ်သမားပေါင်း ၅၆၀၀ ကျော်နဲ့ စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ရပါတယ်။

တောမီးလောင်ကျွမ်းမှုအပြင် ယခုနှစ်ရဲ့ သိသာထင်ရှားပြီး ထိခိုက်မှုရှိတဲ့ အဖြစ်အများဆုံး ရာသီဥတုဖြစ်စဉ်တွေကိုကြည့်ရင် နှင်းမုန်တိုင်းတွေ၊ အအေးလှိုင်းတွေ၊ မိုးခေါင်ရေရှားတာတွေ၊ အပူလှိုင်းတွေ၊ ရေကြီးရေလျှံတာတွေ၊ လေဆင်နှာမောင်း တိုက်ခတ်တာတွေနဲ့ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်တာတွေ ပါဝင်တာတွေ့ရတယ်။ အဲဒီထဲက လူအသေအပျောက် အများဆုံးမှာ ဖရက်ဒီမုန်တိုင်း၊ မိုခါမုန်တိုင်း၊ အာဖဂန်နစ္စတန် အအေးလှိုင်း၊ အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှာ ရေကြီးရေလျှံမှု၊ ဖိလစ်ပိုင် ရေကြီးရေလျှံမှု၊ ဘရာဇီးရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှု၊ အင်ဒိုနီးရှားမြေပြိုကျမှု၊ မာဒါဂတ်စကာမုန်တိုင်း ချန်နီဆို၊ အမေရိကန် လေဆင်နှာမောင်းစတဲ့ ရာသီဥတုဖြစ်စဉ်တွေ ဖြစ်ပါတယ်။

## ဆိုင်ကလုန်းဖရက်ဒီ

ဖေဖော်ဝါရီ ၄ ရက်ကနေ မတ် ၁၅ ရက်အထိ တိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်းဖရက်ဒီကြောင့် လူပေါင်း ၁၄၃၄ ဦး သေဆုံးပြီး ၅၅၆ ဦး ပျောက်ဆုံးခဲ့ပါတယ်။ အဲဒီမုန်တိုင်းကြောင့် မာဒါဂတ်စကာ၊ မိုဇမ်ဘစ်၊ ဇင်ဘာဘွေ၊ မာလာဝီ၊ တောင်အာဖရိကနဲ့ ဇမ်ဘီယာ စတဲ့နိုင်ငံတွေမှာ အထိအခိုက်များခဲ့ပါတယ်။ မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုက မေ ၉ ရက် ကနေ ၁၅ ရက်အထိ ကြာမြင့်ခဲ့တယ်။ အဲဒီမိုခါမုန်တိုင်းကြောင့် ၄၃၈ဦး သေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးခဲ့ပါတယ်။ အဓိက အထိခိုက်ဆုံးနိုင်ငံတွေကတော့ သီရိလင်္ကာ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ ဖြစ်ပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံမှာ ဇန်နဝါရီ ၁၀ ရက်ကနေ ၁၇ ရက်အထိ စံချိန်တင် အအေးလှိုင်းဖြတ်မှု ဖြစ်ပွားခဲ့ပါတယ်။ အပူချိန်ဟာ -၃၃ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့တာကြောင့် လူပေါင်း ၁၆၆ ဦး သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် မွေးမြူရေး တိရစ္ဆာန် ၈၀၀၀၀ နီးပါးလည်း သေဆုံးခဲ့ပါတယ်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှာ ဇူလိုင် ၃ ရက်မှ ၁၃ ရက်အတွင်း မုတ်သုံမိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုမှ ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှု ဖြစ်ပွားခြင်း၊ မြေပြိုကျမှုဖြစ်ပွားခြင်းတို့ကြောင့် လူပေါင်း ၁၀၀ ကျော် အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ပါတယ်။

## ဘရာဇီးမှာ ရေလွှမ်းမိုးမှုတွေနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့

ဘရာဇီးနိုင်ငံမှာ ယခုနှစ် ကာနီဗယ်အားလပ်ရက်အတွင်း စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး မိုးရေချိန် ၆၈၂ မီလီမီတာအထိ ရှိခဲ့တဲ့အတွက် ဆော်ပေါ်လိုပြည်နယ်တစ်ဝန်း ရေလွှမ်းမိုးမှုတွေနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကြောင့် လူပေါင်း ၆၄ ဦး အသက်ဆုံးရှုံးပြီး ၅၉ ဦး ပျောက်ဆုံးကာ မစိုးရိမ်ရ ထိခိုက်ဒဏ်ရာရရှိသူ ၂၄ ဦး ရှိခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာလည်း ဇွန် ၂၅ ရက်ကနေ ဇူလိုင် ၂၆ ရက်အထိ တစ်လနဲ့ နှစ်ရက်ကြာ ရေကြီးရေလျှံ ဖြစ်ပွားခဲ့ပါသေးတယ်။ အဲဒီဖြစ်ရပ်ကြောင့် ၄၇ ဦး သေဆုံးခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာ လက်ရှိအချိန်အထိ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဖြစ်စဉ်တွေကိုကြည့်ရင် ဇန်နဝါရီလက အာဖဂန်နစ္စတန်နိုင်ငံမှာ အအေးလှိုင်း၊ ဖေဖော်ဝါရီလမှာ ဆိုင်ကလုန်းဖရက်ဒီ၊ မတ်လက အင်ဒိုနီးရှားမှာ ဆီရာဆန်း မြေပြိုကျမှု၊ မေလမှာ ဆိုင်ကလုန်း မိုခါ၊ ဇူလိုင်လမှာ အိန္ဒိယမြောက်ပိုင်း ရေကြီးရေလျှံမှုနဲ့ ဘရာဇီးမှာ မြေပြိုကျမှုတွေ ဖြစ်ပွားခဲ့တာကို တွေ့နိုင်ပါတယ်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိသည့်တိုင် ကမ္ဘာတစ်ဝန်းက လောကလူသားတွေအပေါ် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုအဖြစ် ရှိနေပါကြောင်း ရေးသားလိုက်ရပါတယ်။ ။ **ကိုးကား - ဆင်ဟွာ**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်၌ မြေပြိုကျမှုဖြစ်ပွားစဉ်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့် ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများ အနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# စင်ကာပူနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေများအား လေ့လာခြင်း

ခန့်ဇော်(ကျေးလက်)

**အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဝန်ကြီးများအဆင့်အစည်းအဝေး (AMRDPE)၊ အဆင့်မြင့်အရာရှိကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစည်းအဝေး (SOMRDPE)နှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများအလိုက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး (၁၃)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့်အစည်းအဝေး (13th AMRDPE)နှင့် အကြိမ် (၂၀) မြောက် အဆင့်မြင့်အရာရှိကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစည်းအဝေး(20th SOMRDPE)ကို ၂၀၂၃ နိုဝင်ဘာလမှာ စင်ကာပူနိုင်ငံမှာ သုံးရက်ကြာ ကျင်းပသွားရန်ရှိပါတယ်။**

စင်ကာပူနိုင်ငံဟာ ၁၉၅၉ ခုနှစ်မှာ ဗြိတိသျှအင်ပါယာအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ဖြစ်လာခဲ့ပြီး ၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက်မှာ နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင်ရပ်တည်ခဲ့ပါတယ်။ လူမျိုးရေးပြဿနာများရဲ့ ခြိမ်းခြောက်မှုများကို ထိန်းချုပ်ခဲ့ပြီး ယောက်ျားလေးတိုင်း စစ်မှုမထမ်းမနေရစနစ်နဲ့ လွတ်လပ်သော နိုင်ငံ၏ကာကွယ်ရေးစနစ်ကို တည်ဆောက်ခဲ့တာတွေ့ရပါတယ်။ ဝက်မင်စတာစနစ် (Westminster System) ကျင့်သုံးတဲ့ ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်ပြီး ကမ္ဘာမှာ အကျင့်ပျက်ခြစားမှုအနည်းဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် နယူးဇီလန်နဲ့ စကင်ဒီနေဗီးယားနိုင်ငံတို့နဲ့အတူ အမြဲတစေ ပါဝင်လေ့ရှိတာကို အားကျဖွယ်တွေ့ရပါတယ်။

ပင်လယ်ရေပတ်လည်ဝိုင်းရံလျက်ရှိတဲ့ ကျွန်းနိုင်ငံဖြစ်တဲ့ စင်ကာပူဟာ ၁၉၆၀ ပြည့်နှစ်များမှာ ဧရိယာ ၂၂၄ ဒသမ ၅ စတုရန်းမိုင်သာရှိခဲ့သော်လည်း ပင်လယ်ပြင်အတွင်းမြေဖို့ပြီး မြေနေရာအသစ်များ ချဲ့ထွင်နိုင်ခဲ့ခြင်းကြောင့် အခုအခါ World data info အရ ၂၇၈ စတုရန်းမိုင်အထိ ရှိလာခဲ့ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ နောက်ထပ်စတုရန်းမိုင် ၄၀ ထပ်မံတိုးချဲ့ရန် စီမံကိန်းချမှတ်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။ သေးငယ်တဲ့ကျွန်းတွေကို မြေဖို့ပေါင်းစပ်ပြီး ကျယ်ပြန့်ကြီးမားပြီး အလုပ်လုပ်ရန် အဆင်ပြေတဲ့ကျွန်းများအဖြစ် တည်ဆောက်မယ့် စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံကုန်းမြေရဲ့ ၁၀ ရာခိုင်နှုန်းခန့်ကို ပန်းခြံတွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာနေရာတွေအဖြစ် ချန်ထားတာတွေ့ရပြီး Yale Center for Environmental Law & Policy ရဲ့ ဖော်ပြချက်အရ ၂၀၂၂ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စွမ်းဆောင်မှုညွှန်းကိန်းမှာ အဆင့်(၄) ရရှိခဲ့တယ်လို့ ဆိုပါတယ်။

### နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံ၏စီးပွားရေး

အာဆီယံအဖွဲ့ စတင်ဖွဲ့စည်းတဲ့ စဦး ငါးနိုင်ငံမှာပါဝင်တဲ့ စင်ကာပူနိုင်ငံဟာ အာဆီယံဒေသတွင်းရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးခိုင်မာအားကောင်းစေရေးအတွက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသနဲ့ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ (ASEAN Free Trade Area and the ASEAN Investment Area)တို့ ဖြစ်ပေါ်လာစေရန် အခိုင်အမာအားပေးသူဖြစ်ပါတယ်။ ယခင်ဝန်ကြီးချုပ် ဂိုချောက်တောင်က အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်စေရန် အဆိုပြုခဲ့ပြီး ဘုံဈေးကွက်တစ်ခုဖြစ်စေရန်အထိ ရည်ရွယ်ခဲ့တယ်လို့ ဆိုပါတယ်။

စင်ကာပူနိုင်ငံဟာ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံး ရုံးစိုက်ရာဖြစ်သလို အခြားသောဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်တဲ့ အာရှ-ဥရောပအစည်းအဝေးအဖွဲ့၊ အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ အာရှကွန်ရက်နှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့တို့မှာလည်း ပါဝင်ပါတယ်။ ဘက်မလိုက်လှုပ်ရှားမှုရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို ဓနသဟာယအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့အကြား နီးကပ်တဲ့ဆက်ဆံရေးရှိပြီး လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်လည်း ရရှိထားတာ တွေ့ရပါတယ်။

စင်ကာပူနိုင်ငံဟာ စီးပွားရေးစနစ်အားဖြင့် အလွတ်လပ်ဆုံး၊ တီထွင်ကြံဆမှုအကောင်းဆုံး၊ ပြိုင်ဆိုင်မှုအများဆုံးနဲ့ စီးပွားရေးလုပ်ရန်အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် စီးပွားရေးလွတ်လပ်မှုညွှန်းကိန်းအရ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယမြောက်လွတ်လပ်မှုအရှိဆုံးနိုင်ငံလို့ဆိုပါတယ်။ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးနိုင်ငံတကာအဖွဲ့ (International Institute for Management Develop-ment)ရဲ့ နိုင်ငံပေါင်း ၆၄ နိုင်ငံ ကမ္ဘာ့ယှဉ်ပြိုင်မှုအဆင့် (World's Competitive Ranking) သတ်မှတ်ချက်အရ ၂၀၂၃ ခုနှစ်မှာ စီးပွားရေးအရ ယှဉ်ပြိုင်မှုအားအကောင်းဆုံး ကမ္ဘာ့အဆင့် (၄)နေရာမှာ ရပ်တည်လျက်ရှိတာကိုတွေ့ရပြီး တစ်ဦးချင်း GDP တတိယအမြင့်ဆုံးဖြစ်တာ တွေ့ရှိရပါတယ်။

ဟောင်ကောင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့နဲ့အတူ အာရှကျားလေးကောင်မှာပါဝင်ခဲ့ပြီး ယခုအခါ လူတစ်ဦးချင်းအလိုက် GDP အရ အခြားကျားသုံးကောင်ကို ကျော်တက်သွားခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံရဲ့ နိုင်ငံခြားကုန်သွယ်မှုနဲ့ ငွေကြေးစီးဆင်းမှုဟာ GDP ရဲ့ ၄၀ ဒသမ ၇၉ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘာတစ်ဝန်း ကုန်တင်ပို့မှုအများဆုံးအဆင့်မှာ အဆင့် ၁၄၊ ကုန်တင်သွင်းမှုမှာ အဆင့် ၁၅ ဖြစ်တာ တွေ့ရပါတယ်။ ထိပ်တန်းပြည်ပပို့ကုန်တွေကတော့ သန့်စင်ပြီးရေနံ၊ အိုင်စီ၊ ဆားကစ်နဲ့ ကွန်ပျူတာတို့ဖြစ်ကြပြီး ကမ္ဘာပေါ်ရှိ ထိပ်တန်းရေနံချက်လုပ်ရာနေရာသုံးခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရေနံတူးစင်အများဆုံးထုတ်လုပ်ရာနဲ့ သင်္ဘောများပြင်ဆင်ရာ အဓိကနေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့အချက်အချာ သင်္ဘောဆိပ်ကမ်းမြို့တော်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာငွေကြေးဆိုင်ရာဗဟိုရဲ့ စစ်တမ်းအရ ၂၀၂၃ ခုနှစ်မှာ ကမ္ဘာ့တတိယမြောက် နိုင်ငံခြားငွေလဲလှယ်မှုဗဟိုနဲ့ ငွေကြေးဆိုင်ရာဗဟိုဖြစ်တယ်လို့ သိရပါတယ်။ တစ်ဖက်မှာလည်း ဒုတိယမြောက်အကြီးဆုံး ကာဆီနိုလောင်းကစားပြုရာနေရာ ဖြစ်ပြန်ပါတယ်။

၂၀၀၄ ခုနှစ်မှာ လီကွမ်ယုရဲ့သားအကြီးဆုံးဖြစ်သူ လီရှန်လုံးဟာ စင်ကာပူနိုင်ငံရဲ့ တတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး သူ့ရဲ့ အများနဲ့မတူ တစ်မူကွဲပြားတဲ့ စီမံဆောင်ရွက်မှုတစ်ခုကတော့ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ဖို့ ကာစီနိုလောင်းကစားရုံတွေ ဖွင့်လှစ်ဖို့ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ နိုင်ငံစီးပွားရေးရဲ့ ကြီးမားတဲ့အစိတ်အပိုင်းတစ်ခုဖြစ်တာကြောင့် ခရီးသွားတွေကိုဆွဲဆောင်နိုင်ဖို့ ကာစီနိုတွေဖွင့်ခဲ့တာဟာ မှန်ကန်ခဲ့တယ်လို့ ဆိုရမှာပါ။ ခုတော့ စင်ကာပူမှာ ကာစီနိုဟာ ဖျော်ဖြေရေးသက်သက် လောင်းကစားလုပ်ငန်းတစ်ခုမျှသာမကဘဲ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုမှာပါ တစ်စိတ်တစ်ပိုင်းပါဝင်နေတာ တွေ့မြင်ရပါတယ်။ ၂၀၂၂ ခုနှစ်အတွင်းက SM News Channel ရဲ့ ဖော်ပြချက်အရ ကာစီနိုလောင်းကစားရုံများဟာ စင်ကာပူနိုင်ငံရဲ့စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အကူပြုနိုင်လျက်ရှိတာတွေ့ရပြီး နိုင်ငံ့စီးပွားရေးကို စင်ကာပူဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကျော်အထိ ပံ့ပိုးပေးနိုင်ခဲ့တဲ့အပြင် အလုပ်အကိုင်ပေါင်း ၃၃၀၀၀ ခန့် ဖန်တီးပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါ့အပြင် ကျန်းမာရေးခရီးသွားလုပ်ငန်းအနေနဲ့လည်း အာရှမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အကောင်းဆုံးဖြစ်ပြီး ၂၀၂၂ ခုနှစ်မှာ ကမ္ဘာ့အဆင့် ၁၀ ဖြစ်ခဲ့ရာမှ အခု ၂၀၂၃ ခုနှစ်မှာ ကမ္ဘာ့အဆင့် ၁ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံခြားသားပေါင်း နှစ်သိန်းကျော် နှစ်စဉ်လာရောက်ဆေးကုသမှုခံယူကြတယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံဟာ ကမ္ဘာ့အကောင်းမွန်ဆုံးပညာရေးစနစ်ရှိတဲ့ ၁၀ နိုင်ငံစာရင်းမှာ ပါဝင်ပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်းက နိုင်ငံတကာကျောင်းသားပေါင်း ၅၅၀၀၀ ကျော် လာရောက်ပညာသင်ကြားလေ့ရှိတာ တွေ့ရပါတယ်။ ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်များအဆင့်သတ်မှတ်မှုအနေနဲ့လည်း အဆင့် ၈ မှာရှိပြီး အာရှအဆင့်သတ်မှတ်မှုမှာ အဆင့် ၁ ဖြစ်ပါတယ်။

### ၂၀၂၂ ခုနှစ် စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

စင်ကာပူနိုင်ငံရဲ့စီးပွားရေးဟာ ၂၀၂၁ ခုနှစ်မှာ ၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ရာက ၂၀၂၂ ခုနှစ်မှာတော့ တစ်နှစ်လုံးအတွက် ၃ ဒသမ ၆ ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့တာ တွေ့ရပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍအနေနဲ့ ၂၀၂၁ ခုနှစ်မှာ ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်မှာတော့ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့တာဖြစ်ပေမယ့် ဓာတုပစ္စည်းများနဲ့ ဇီဝဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများမှအပ အခြားကဏ္ဍအားလုံး တိုးချဲ့ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ဆောက်လုပ်ရေးကဏ္ဍမှာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ ဆောက်လုပ်ရေးလုပ်ငန်း နှစ်ခုလုံးအနေနဲ့ ၂၀၂၁ ခုနှစ်မှာ ၂၀ ဒသမ ၅ ရာခိုင်နှုန်း တိုးချဲ့ဆောင်ရွက်နိုင်သော်လည်း ၆ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါတယ်။ စက်မှုထုတ်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့လည်း ၂၀၂၁ ခုနှစ်က ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးချဲ့ဆောင်ရွက်ခဲ့ရာမှာ ၂၀၂၂ ခုနှစ်မှာ ၄ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တာတွေ့ရပါတယ်။ လက်ကားကုန်သွယ်မှု၊ အခြားဝန်ဆောင်မှုများနဲ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍများရဲ့ ထောက်ကန်ပံ့ပိုးမှုက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကမောင်းနှင်အားလို့ ဆိုရမှာဖြစ်ပါတယ်။

### ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးအလားအလာ

စင်ကာပူနိုင်ငံရဲ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စီးပွားရေးစစ်တမ်းအရ စင်ကာပူနိုင်ငံရဲ့ ပြင်ပဝယ်လိုအားအလားအလာဟာ အနည်းငယ်တိုးလာခဲ့တယ်လို့ ဆိုပါတယ်။ ကမ္ဘာလုံးဆိုင်ရာနဲ့ ပြည်တွင်းစီးပွားရေးအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ၂၀၂၃ ခုနှစ်မှာ GDP တိုးတက်မှုနှုန်းကို ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်း အကြား ထိန်းထားနိုင်ဖို့ မျှော်မှန်းဆောင်ရွက်နေတာ တွေ့ရပါတယ်။

> **"ဟောင်ကောင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်တို့နဲ့အတူ အာရှကျားလေးကောင်မှာပါဝင်ခဲ့ပြီး ယခုအခါ လူတစ်ဦးချင်းအလိုက် GDP အရ အခြားကျားသုံးကောင်ကို ကျော်တက်သွားခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံရဲ့ နိုင်ငံခြားကုန်သွယ်မှုနဲ့ ငွေကြေးစီးဆင်းမှုဟာ GDP ရဲ့ ၄၀ ဒသမ ၇၉ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘာတစ်ဝန်း ကုန်တင်ပို့မှုအများဆုံးအဆင့်မှာ အဆင့် ၁၄၊ ကုန်တင်သွင်းမှုမှာ အဆင့် ၁၅ ဖြစ်တာတွေ့ရပါတယ်။ ထိပ်တန်းပြည်ပပို့ကုန်တွေကတော့ သန့်စင်ပြီးရေနံ၊ အိုင်စီ၊ ဆားကစ်နဲ့ကွန်ပျူတာတို့ဖြစ်ကြပြီး ကမ္ဘာပေါ်ရှိ ထိပ်တန်းရေနံချက်လုပ်ရာ နေရာသုံးခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်"**

ပထမသုံးလပတ်အတွင်း ကမ္ဘာလုံးဆိုင်ရာစောင့်ကြည့်မှု စစ်တမ်းတွေအရ ၂၀၂၃ ခုနှစ်မှာ ငွေကြေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာပါ စင်ကာပူဟာ ထိပ်ဆုံးမှာရပ်တည်လာနိုင်တာကို အားကျဖွယ်တွေ့မြင်ရပါတယ်။

### စင်ကာပူနိုင်ငံရဲ့ စီးပွားရေးမူဝါဒ

စင်ကာပူနိုင်ငံရဲ့စီးပွားရေးအောင်မြင်မှုဟာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ပြုတဲ့ ဝန်းကျင်ကောင်းကို ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်ပြီး ခိုင်မာအားကောင်းတဲ့ မက်ခရိုစီးပွားရေးမူဝါဒများအပေါ် အခြေခံထားတာ တွေ့ရပါတယ်။ စီးပွားရေးပညာရှင်များရဲ့အဆိုအရ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ မက်ခရိုစီးပွားရေးအပေါ် များစွာမှီတည်မှုရှိပြီး မက်ခရိုစီးပွားရေးကို သိရှိနားလည်ခြင်းက မှန်ကန်တဲ့ စီးပွားရေးမူဝါဒတွေရေးဆွဲဖို့၊ နိုင်ငံတကာစီးပွားရေးမူဝါဒများနဲ့ ဟန်ချက်ညီစွာဆောင်ရွက်နိုင်ဖို့အတွက် များစွာအထောက်အကူပြုနိုင်တယ်လို့ မှတ်သားခဲ့ရဖူးပါတယ်။ ဒါ့အပြင် မက်ခရိုစီးပွားရေးပညာဟာ ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ပေါ်များမှု၊ ငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်းမတည်ငြိမ်မှု အစရှိတဲ့ စီးပွားရေးပြဿနာအရပ်ရပ်ကို ဖြေရှင်းရာမှာလည်း များစွာအထောက်အကူပြုတယ်လို့ ဆိုပါတယ်။

၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကစပြီး စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဟာ လျင်လျင်မြန်မြန်တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ အဓိကကတော့ ပွင့်လင်းမြင်သာပြီး Outward-Oriented Development Strategy လို့ခေါ်တဲ့ ပြည်ပပို့ကုန်အသားပေး ဖွံ့ဖြိုးရေးမဟာဗျူဟာကို ကျင့်သုံးခဲ့ခြင်းပါပဲ။ ပြည်ပပို့ကုန်များကို ထုတ်လုပ်ရာမှာလည်း လုပ်သားအင်အားသုံး ထုတ်ကုန်များမှသည် လျှပ်စစ်ပစ္စည်း၊ ဓာတုပစ္စည်းနှင့် ဇီဝဓာတုပစ္စည်းများကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန်များအထိ ပြောင်းလဲထုတ်လုပ်လာနိုင်ခဲ့တာ တွေ့ရပါတယ်။ ငွေကြေးဆိုင်ရာနဲ့

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စီးပွားရေးဝန်ဆောင်မှုကဏ္ဍများရဲ့ ဈေးကွက်ဝေစုတိုးတက်လာတာနဲ့အမျှ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍဟာလည်း စီးပွားရေးဖွံ့ဖြိုးမှုမှာ များစွာအရေးပါလာခဲ့ပါတယ်။

**စင်ကာပူနိုင်ငံရဲ့ GDP**

GDP ရှုထောင့်ကကြည့်ရင် အာဆီယံအတွင်း ကွာဟချက်ဟာ ကြီးမားနေဆဲဖြစ်ပါတယ်။ International Monetary Fund (IMF) report အရ ၂၀၂၂ ခုနှစ်က စင်ကာပူနိုင်ငံရဲ့တစ်ဦးချင်း GDP ဟာ ၈၂၈၀၇ အမေရိကန်ဒေါ်လာဖြစ်ပြီး အာဆီယံရှိ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံတို့မှာ ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၃၉ ဖြစ်ပါတယ်။ ဘရူနိုင်းမှာ တစ်ဦးချင်း GDP အမေရိကန်ဒေါ်လာ ၃၇၆၆၇ ရှိပြီး ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံတို့ရဲ့ တစ်ဦးချင်း GDP ဟာ အမေရိကန်ဒေါ်လာ ၁၉၀၀ ခန့်သာ ရှိတဲ့အတွက် အာဆီယံဒေသတွင်းမှာ စင်ကာပူဟာ တစ်ဦးချင်း GDP အမြင့်ဆုံးဖြစ်ပါတယ်။

**၁၉၆၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးရာ စာရင်းဇယားများကို နှိုင်းယှဉ်လေ့လာခြင်း**

| ခုနှစ် | GDP (USD ဘီလီယံ) | GDP per Capita (USD) | GNI (USD ဘီလီယံ) | GNI per Capita (USD) | ပျမ်းမျှ ငွေလဲနှုန်း (US$- S$) |
|---|---|---|---|---|---|
| 1964 | 0.89 | 485.54 | 0.93 | 510 | 3.0612 |
| 1970 | 1.92 | 925.80 | 2.00 | 970 | 3.0612 |
| 1980 | 11.89 | 4,928.14 | 11.41 | 4,730 | 2.1412 |
| 1990 | 36.14 | 11,861.76 | 34.88 | 11,450 | 1.8125 |
| 2000 | 96.07 | 23,852.33 | 95.38 | 23,680 | 1.7240 |
| 2011 | 279.35 | 53,890.43 | 250.10 | 48,250 | 1.2578 |
| 2021 | 396.99 | 72,794.00 | 349.10 | 64,010 | 1.3435 |
| 2022 | 466.79 | 82807.00 | 540.00 | 107,030 | 1.3787 |

**နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)၏ ချိတ်ဆက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း**

Jalilian, Hossein နှင့် John Weiss တို့ရဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)နှင့် အာဆီယံဒေသတွင်း ဆင်းရဲနွမ်းပါးမှုစာတမ်းအရ ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းမှာ FDI ဟာ အဓိကအခန်းကဏ္ဍမှပါဝင်တာကို တွေ့ရပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းဟာ နိုင်ငံ့စီးပွားမြင့်မားရေးကို များစွာအထောက်အကူပြုတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချပေးနိုင်တာ အမှန်ပဲဖြစ်ပါတယ်။

စင်ကာပူအစိုးရရဲ့စာရင်းအချက်အလက်များအရ ၁၉၉၄ မှ ၂၀၁၉ ခုနှစ်အထိ စင်ကာပူနိုင်ငံဟာ လာအိုနဲ့ ကမ္ဘောဒီးယားတို့ထက် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်းတို့မှာ ပိုပြီးရင်းနှီးမြှုပ်နှံထားတာ တွေ့ရတဲ့အပြင် ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့လည်း တိုးမြှင့်တဲ့ဘက်ကိုသာ သွားတာ တွေ့ရပါတယ်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှာ ၁၉၉၄ မှ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၅ သန်းရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၉ သန်းအထိရှိခဲ့ပြီး ၅၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၆၈ ဒသမ ၂ သန်းအထိ ရောက်ရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာလည်း ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၃၅၉ ဒသမ ၉ သန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆၅၂၃၃ ဒသမ ၆ သန်းအထိရောက်ရှိခဲ့ကာ ၂၇ ဒသမ ၆ ဆအထိ တိုးလာခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၁၈၂ ဒသမ ၃ သန်း ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၅၄၂၉၃ ဒသမ ၆ သန်းအထိ ရောက်ရှိကာ ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၉ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈၇၃၂ ဒသမ ၂ သန်းအထိ ရောက်ရှိကာ ၃၇ ဒသမ ၉ ဆ တိုးလာခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ၁၉၉၄ ခုနှစ်က ၄၄၅ ဒသမ ၂ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ ၈၈၄၈ ဒသမ ၉ သန်းအထိ တိုးတက်လာခဲ့ပြီး ၁၉ ဒသမ ၈ ဆ တိုးလာခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၀၇၃ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၁၁၃၅ ဒသမ ၄ သန်းအထိ ရောက်ရှိကာ ၂၉ ဆ တိုးလာခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ၁၉၉၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၇၂ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၁၉၉ ဒသမ ၈ သန်းအထိ ရောက်ရှိကာ အဆ ၇၀ တိုးလာခဲ့ပါတယ်။

အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး ၁၉၉၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၅၉ ဒသမ ၉ သန်းရှိခဲ့ရာ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ ၁၈ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ဒုတိယနေရာမှာ ရပ်တည်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၆၅၂၃၃ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ဒီပမာဏဟာ အာဆီယံနိုင်ငံများရဲ့ ၃၅ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိလို့ အာဆီယံဒေသတွင်း ထိပ်တန်းရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ ၁၉၉၄ ခုနှစ်က စင်ကာပူနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၈၁၈၂ ဒသမ ၃ သန်းရှိခဲ့ပြီး အရှေ့တောင် အာရှတစ်ခုလုံးရဲ့ ၆၅ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ပထမနေရာမှာ ရပ်တည်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၄၂၉၃ ဒသမ ၆ သန်းရှိခဲ့ပြီး အရှေ့တောင်အာရှရဲ့ ၂၉ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့လို့ စင်ကာပူနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်စေခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စင်ကာပူနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအနည်းဆုံး နိုင်ငံများကတော့ မြန်မာ၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။

အထက်မှာဆိုခဲ့သလိုပဲ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဟာ ဆင်းရဲမှုလျှော့ချရေးနဲ့ နိုင်ငံ့စီးပွားမြင့်မားရေးမှာ အဓိကကျတဲ့အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာစေမယ့် ဝန်းကျင်ကောင်းမျိုး ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုအဆင်ပြေတိုးတက်ရင် ဝင်ငွေတိုးပြီး စီးပွားရေးကောင်းမယ်။ စီးပွားရေးကောင်းပြီး ဝင်ငွေတိုးမှသာ အခြေခံအဆောက်အဦဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုကြည့်ရှုလုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေးတွေ ပိုမိုဆောင်ရွက်လာနိုင်မှ လူမှုဘဝလုံခြုံမှုတိုးမြှင့်လာမှာဖြစ်သလို တစ်ဖက်မှာလည်း ဝင်ငွေတိုးပွားမှုကြောင့် ဆင်းရဲမှုမှ လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာတော့ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Safety)အနေနဲ့ အိမ်ရာပိုင်ဆိုင်မှု၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ပညာရေးနဲ့ အငြိမ်းစားယူချိန်လိုအပ်ချက်များ စတဲ့ ကဏ္ဍငါးရပ်ကို အဓိကထားပြီး ComCare Services ကို အစိုးရက ဆောင်ရွက်ပေးလျက်ရှိတာ တွေ့ရပါတယ်။ ဒီ ComCare Services မှာ ကာလတို၊ ကာလလတ်၊ ကာလရှည် ထောက်ပံ့ကူညီမှုအစီအမံတွေ ပါဝင်သလို ကြားကာလ အကူအညီပေးရေးအစီအမံတွေ၊ ကလေးများအတွက် အကူအညီပေးရေးအစီအမံတွေပါဝင်တာ သဘောကျဖွယ် တွေ့မြင်ရပါတယ်။

**လေ့လာသုံးသပ်ချက်**

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ရာမှာ စင်ကာပူဟာ ၎င်းတို့ရဲ့ ရေရှည်စီးပွားရေးမဟာဗျူဟာများ၊ မူဝါဒများကို စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးပြီး ပြောင်းလဲနေတဲ့စိန်ခေါ်မှုများနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းဟာလည်း ဈေးကွက်စီးပွားရေး တည်ငြိမ်မှုရှိရခြင်းရဲ့အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ဆက်သွယ်ရေးစနစ်ရှိပြီး အခြေခံအဆောက်အဦများပြည့်စုံခြင်း၊ လူသားအရင်းအမြစ် ပညာတတ်များ၊ ကျွမ်းကျင်ပညာတတ်လုပ်သားများရှိခြင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပညာရေးအညွှန်းကိန်းမှာ စင်ကာပူဟာ အဆင့် ၁၀ မှာရှိတာကြောင့် ပညာရေးစနစ်ကောင်းမွန်ပြီး လုပ်ငန်းနယ်ပယ်အလိုက် လိုအပ်တဲ့ပညာတတ်များ၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)အနေနဲ့လည်း အာရှဈေးကွက်အပါအဝင် နိုင်ငံအများစုမှ ရင်းနှီးမြှုပ်နှံနေသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ကောင်းမွန်စွာ ဆွဲဆောင်နိုင်မှုရှိခြင်း၊ ငွေကြေးဖောင်းပွမှုမရှိဘဲ တည်ငြိမ်မှုရှိခြင်း၊ အခွန်ဆိုင်ရာမူဝါဒများဟာ စီးပွားရေးကို ပိုမိုယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်ရှိခြင်း၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုရှိခြင်း၊ နိုင်ငံတွင်း ဘက်လိုက်ခွဲခြားမှုကင်းစင်ခြင်း၊ စီးပွားရေးလုပ်ရန် လွယ်ကူအဆင်ပြေတဲ့ နိုင်ငံများစာရင်းမှာလည်း နှစ်စဉ် အကောင်းဆုံး အဆင့် ၁ မှ ၁၀ နိုင်ငံအတွင်း ပါဝင်မှုရှိခြင်း စတဲ့ အားသာချက်များကို တွေ့ရှိရပါတယ်။

အားကျအတုယူဖွယ်ရာများကို အတုယူပြီး ကိုယ့်နိုင်ငံအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်ကြရန်လိုအပ်သလို အချို့ကိစ္စတွေမှာ နိုင်ငံတိုင်းရဲ့ အကျိုးစီးပွားဆက်စပ်မှု၊ နိုင်ငံရေးဆက်စပ်မှုတွေကြောင့် အချို့ဆောင်ရွက်ချက်တွေအပေါ်မှာ မကျေနပ်စရာတွေလည်း ရှိပါတယ်။ ဥပမာ-မကြာသေးခင်ရက်က“UOB”ဘဏ်က “MAI” ဘဏ်အကောင့်တွေကို ပိတ်တာကြားလိုက်ပါတယ်။ အင်အားကြီးနေချိန်၊ စီးပွားရေးကောင်းမွန်နေချိန်ဖြစ်လို့၊ အဘက်ဘက်ကပြည့်စုံနေလို့ လုပ်လို့ရလို့ လုပ်တာပါပဲ။ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ ဒါကို မြင်တတ်ဖို့လိုတယ်။ ပြည်တွင်းစည်းလုံးရင်၊ အင်အားတောင့်တင်းရင် နိုင်ငံတည်ငြိမ်အောင်၊ ငြိမ်းချမ်းအောင်၊ နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာအောင် လုပ်ဆောင်လာနိုင်မယ်။ လုပ်လည်း လုပ်ကြရမယ်။ အခြားနိုင်ငံတွေကို ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားကြရမယ်။ အခြားနိုင်ငံက မထီမဲ့မြင်လုပ်တာ မခံရစေဖို့ အင်အားတောင့်တင်းအောင်လုပ်ကြရမယ်။ အမုန်းတရားတွေမရှိအောင် အာဃာတတရားတွေ ဖြေဖျောက်ကြရမယ်။ နိုင်ငံနဲ့နိုင်ငံသားတွေအတွက်၊ အနာဂတ်မြန်မာနိုင်ငံအတွက် အစစအရာရာ စဉ်းစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် စာရေးသူတို့နိုင်ငံအနေနဲ့လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ပြုတဲ့ ဝန်းကျင်ကောင်းမျိုး ဖန်တီးပေးနိုင်ဖို့လိုအပ်သလို စင်ကာပူအပါအဝင် ပြည်ပပို့ကုန်အသားပေး ဖွံ့ဖြိုးရေးမဟာဗျူဟာနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများအဖြစ်ရောက်ရှိသွားကြတဲ့ နိုင်ငံများကို စံနမူနာပြုပြီး ပို့ကုန်အရည်အသွေးရှိ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ရေးကို ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အထက်မှာဖော်ပြခဲ့သလို နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းဟာ ဈေးကွက်စီးပွားရေး တည်ငြိမ်မှုရှိရခြင်းရဲ့ အကြောင်းတရားတစ်ခုဖြစ်တဲ့အတွက် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိဖို့ဟာလည်း အင်မတန်အရေးကြီးပါတယ်။ စာရေးသူ စာရေးဖြစ်တိုင်း ပြောခဲ့သလိုပါပဲ။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ကဏ္ဍစုံဖွံ့ဖြိုးရေးဆီ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒီအတွက် အားလုံးမှာ တာဝန်ရှိပါတယ်။

“တစ်ယောက်အားနဲ့ ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏” ဆိုသလိုပဲ။ ကောင်းမွန်တဲ့အရွေ့တစ်ခု ဖန်တီးနိုင်အောင်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုတဲ့ဝန်းကျင်ကောင်းမျိုး ပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုဖြစ်အောင် တက်ညီလက်ညီ ကြိုးစားသွားကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ရည်ညွှန်းကိုးကားချက်
https://www.worlddata.info/asia/singapore/index.php
https://epi.yale.edu/about-epi
https://www.statista.com/statistics/1376359/health-and-health-system-ranking-of-countries-worldwide/
https://wisevoter.com/country-rankings/education-rankings-by-country/
https://www.trade.gov/country-commercial-guides/singapore-education-and-training-services-industry-snapshot
https://www.mti.gov.sg/Newsroom/Press-Releases/2023/05/MTI-Maintains-2023-GDP-Growth-Forecast-at-0 5-to-2_5-Per-Cent
https://news-eleven.com/editorials/75408 (မက်ခရို စီးပွားရေးပညာ)
https://www.macrotrends.net/countries/SGP/singapore/gni-per-capita
University of British Columbia, USDpages (Foreign Currency Units per 1 U.S. Dollar, 1950-2022), https://fx.sauder.ubc.ca

# စီးကရက်ဖင်ဆီခံများသည် ကမ္ဘာ့ကမ်းခြေနှင့် သမုဒ္ဒရာများ ညစ်ညမ်းမှုအတွက် အဆိုးရွားဆုံး စွန့်ပစ်ပစ္စည်းတစ်ခုဖြစ်လာ

မြန်လင်းမောင်

ကျွန်ုပ်တို့ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားသည့် ပင်လယ်သမုဒ္ဒရာများသည် လူသားမျိုးနွယ်များ၏ အမှိုက်ပုံသဖွယ်ဖြစ်လာနေပြီး လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ကမ္ဘာ့လေထုနှင့် ရေထုညစ်ညမ်းမှုအကျိုးဆက်များ ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် ကမ္ဘာ့ပင်လယ်ကမ်းခြေများနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းများအနက် အဆိုးရွားဆုံး တစ်ခုမှာ စီးကရက်ဖင်ဆီခံများဖြစ်ကြောင်း ဝါရှင်တန်ဒီစီ အခြေစိုက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် Ocean Conservancy ၏ အချက်အလက်များအရ သိရသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းတွင် ဆဲလူလို့စ် အက်ဆီတိတ်ဖြင့် ပြုလုပ်ထားသော စီးကရက်ဖင်ဆီခံပေါင်း ၅ ဒသမ ၆ ထရီလီယံခန့် ထုတ်လုပ်လျက်ရှိပြီး ဆေးလိပ်သောက်သူ ၆၆ ရာခိုင်နှုန်း၏ စည်းကမ်းမဲ့ စွန့်ပစ်မှုများကြောင့် နှစ်စဉ် စီးကရက်ဖင်ဆီခံ ၄ ဒသမ ၅ တန်ခန့်သည့် အမှိုက်များအဖြစ် ကမ္ဘာ့သမုဒ္ဒရာများ အတွင်းသို့ ရောက်ရှိနေကြောင်း အဆိုပါ အဖွဲ့အစည်း၏ အချက်အလက်များအရ သိရသည်။

## အန္တရာယ်ရှိ

၎င်းတွင် နီကိုတင်း၊ ခဲ၊ နှင့် အာဆင်းနစ်ကဲ့သို့ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ပါဝင်ပြီး မြစ်များ၊ အင်းအိုင်များနှင့် သမုဒ္ဒရာများရှိ ရေနှင့် ထိတွေ့သောအခါ အဆိပ်အတောက်များ ဖြစ်ပေါ်စေသည့် အပြင် စွန့်ပစ်ထားသော စီးကရက်ဖင်ဆီခံများသည် အိမ်မွေးတိရစ္ဆာန်များ၊ ကလေးများနှင့် တောရိုင်းတိရစ္ဆာန်များအတွက်လည်း အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးကရက် တစ်လိပ်တွင် ဓာတုဒြပ်ပေါင်း ၄၀၀၀ ခန့် ပါဝင်ပြီး ယင်းတို့အနက် အနည်းဆုံး ၅၀ ခန့်သည် ကင်ဆာနှင့် ကျန်းမာရေးဆိုးကျိုးများကို ဖြစ်စေနိုင်သော ဓာတုပစ္စည်းများဖြစ်သည်။ ၎င်းတို့တွင် ကတ္တရာ၊ နီကိုတင်း၊ သိပ်သည်းဆမြင့်မားသော သတ္တုဒြပ်စင်များ၊ ဖီနောဓာတ်များ စသည်တို့ ပါဝင်ပြီး ဤအရာများသည် စီးကရက်ဖင်ဆီခံအတွင်း ဝင်ရောက်ပြီးနောက် စွန့်ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် အများစုမှာ ရေမြောင်းများအတွင်းသို့ ရောက်ရှိသွားကြသည်။ အဆိုပါ စီးကရက်ဖင်ဆီခံတစ်ခုသည် ရေလီတာ ၅၀၀

> ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ် လူရှစ်သန်းကျော် သေဆုံးလျက်ရှိပြီး အာဆီယံဒေသတစ်ခုတည်း၌ပင် သေဆုံးသူ ငါးသိန်းကျော်ရှိကာ ယင်းနှင့်ဆက်စပ်သည့် စွန့်ပစ်ပစ္စည်းများကလည်းသဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိ

အထိ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း Ocean Conservancy ၏ လေ့လာမှုအရ သိရသည်။

## လူ ရှစ်သန်းကျော် သေဆုံး

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ် လူရှစ်သန်းကျော် သေဆုံးလျက်ရှိပြီး အာဆီယံဒေသတစ်ခုတည်း၌ပင် သေဆုံးသူ ငါးသိန်းကျော်ရှိကာ ယင်းနှင့်ဆက်စပ်သည့် စွန့်ပစ်ပစ္စည်းများကလည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် ဆေးလိပ်ငွေ့သည် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည့်အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် သေဆုံးသူ ရှစ်သန်းကျော် အနက် တစ်သန်းကျော်မှာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ သုတေသနမှတ်တမ်းများအရ သိရသည်။

ထို့အတူ ဆေးရွက်ကြီးစိုက်ပျိုးရန်အတွက် မြေအသုံးချမှုများကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရေအရင်းအမြစ်များ ညစ်ညမ်းခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းတို့ကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ်တွင် အာဆီယံဒေသ၌ ဆေးရွက်ကြီး စိုက်ပျိုးရန်အတွက် မြေဧရိယာ ၃၂၄၅၇၅ ဟက်တာကျော်ကို အသုံးပြုခဲ့ပြီး ယင်းမြေဧရိယာပမာဏသည် ခန့်မှန်းခြေအားဖြင့် ဟင်းသီးဟင်းရွက် ၃၈၃၄ တန် ထုတ်လုပ်နိုင်ကြောင်း၊ ယင်းဟင်းသီးဟင်းရွက်ပါပမာဏသည် နှစ်စဉ် လူပေါင်း ၂၅၀၀၀၀ ကျော်၏ တစ်နေ့တာ ဟင်းသီးဟင်းရွက်စားသုံးမှုနှင့် ညီမျှကြောင်း အာဆီယံ ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ ၏ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီး မသုံးစွဲရေးနေ့ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ယင်းနေ့၌ပင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ မြို့များ၊ မြို့ပြဧရိယာများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ "ဆေးလိပ်မီးခိုး ကင်းစင်ခြင်း" ဆိုင်ရာအဆင့်အတန်းကို အသိအမှတ်ပြုသည့် အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ ကင်းစင်ရေးဆု (ASEAN Smoke–Free Awards –ASA) အတွက် အမည်စာရင်းတင်သွင်းခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဆေးရွက်ကြီးထိန်းချုပ်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်းမာသောလူနေမှုပုံစံများ မြှင့်တင်ရန် "ဆေးလိပ်ငွေ့ကင်းစင်သော အာဆီယံ" ဆီသို့ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

## ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၆ ခုနှစ် မေလတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီး၍ အများပြည်သူ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုအနေဖြင့်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို တစ်ကိုယ်ရေ လျှော့ချရေးနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် ကမ္ဘာ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည့်အပြင် လက်ရှိကာလတွင် ၎င်းတို့နှင့် ဆက်စပ်သည့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာတစ်ခုအဖြစ်သို့ ရောက်ရှိလာသဖြင့် ပိုမိုခိုင်မာသော ဥပဒေများ၊ ရပ်ရွာလူထုအသိပညာပေး လှုပ်ရှားမှုများ၊ ပိုမိုတင်းကျပ်သော ဆေးလိပ်သောက်သုံးခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် ဆေးလိပ်ငွေ့ကင်းစင်သော ကမ်းခြေများ၊ အများပြည်သူပိုင်နေရာများ ဖော်ဆောင်ခြင်းနည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းရန် ပညာရှင်များက အကြံပြုထားသည်။




**ကိုးကား**

(၁) Cigarette butts are the largest source of trash in the world's oceans

(၂) World No Tobacco Day Message from ASEAN Health Cluster 1 on Promoting Healthy Lifestyle 'Grow food, Not tobacco' 31 May 2023

## မိုင်းဆတ်ခရိုင် မိုးရာသီမုတ်သုံဖလား အမျိုးသား (အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မိုင်းဆတ် ဩဂုတ် ၆**

၂၀၂၃ ခုနှစ် မိုင်းဆတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီ မိုးရာသီမုတ်သုံဖလား အမျိုးသား (အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အောင်ဇေယျအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် Dominion FC ဘောလုံးအသင်းနှင့် Lion FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Dominion FC ဘောလုံးအသင်းက ပယ်နယ်တီ အဆုံးအဖြတ် ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် အေးမင်းဦးက အနိုင်ရဗိုလ်စွဲသွားသော Dominion FC ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ပေးပြီး **(အပေါ်ပုံ)** ဒုတိယဆုရအသင်းနှင့် တတိယဆုရ အသင်းများ၊ အကောင်းဆုံးဆုရ ကစားသမားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**စန်းစန်းမြင့်(ပြန်/ဆက်)**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

(၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၅၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၅၃,၄၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၇၅ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၂၇ | ၆၁၈၉၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၃၉၆၉ | ၁၁၅၁၀၂၅၀ |
| MCB | ၇၃၀၀ | ၇၅၀၀ | ၃၁၇ | ၂၃၁၄၃၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၄၇ | ၃၉၀၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၄၀၀ | ၃၁၇၅ | ၇၃၀၅၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈၀ | ၃၉၂၀၀၀ |
| MAEPC | ၁၉၅၀ | ၁၉၀၀ | ၅၁၄၀ | ၉၇၆၇၂၅၀ |

ညီညီ - စုစည်းသည်

# မန္တလေးမြို့၌ မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် ရေထွက်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေး အခြေခံသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၆**

မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား မိရိုးဖလာရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် အာမခံချက် စနစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၂၂ (Phase-2) မှ ရေထွက်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေး အခြေခံသင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မွေးမြူရေးသုတေသနစခန်း (မန္တလေး) သင်တန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်းက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက မိရိုးဖလာနည်းဖြင့် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ၊ လိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးအာမခံချက်တိုးလာစေရန်နှင့် မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်းဒေသတွင်း နေထိုင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာ၊ ဦးစီးအရာရှိ ဒေါက်တာမိုးပွင့်ဖြူ၊ ဒုတိယဦးစီးမှူး ဒေါ်ခင်မေကြည်နှင့် ဒေါ်လှိုင်ဝင်းတို့က အစားအစာထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် သန့်ရှင်းရေးဆိုင်ရာလိုက်နာရမည့် အလေ့အကျင့်များဆိုင်ရာ ဘာသာရပ်၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစားအစာများတွင် ဘေးဥပဒ်ဖြစ်စေသည့် အန္တရာယ်များနှင့် ပတ်သက်၍ ထိန်းချုပ်ခြင်းဆိုင်ရာ ဘာသာရပ်နှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများတွင် သိရှိလိုက်နာရမည့်အချက်များ စသည်တို့နှင့် ပတ်သက်၍ နှစ်ရက်တာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများမှ သင်တန်းသူသင်တန်းသားများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၀၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးဆက်သစ်အောင်လံလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး 360 Sports က စီစဉ်ကျင်းပမည့် မျိုးဆက်သစ်အောင်လံလက်ဝှေ့ပြိုင်ပွဲ 360 FIGHT CLUB V ကို ရန်ကုန်မြို့သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ၅၄-၅၇ ကီလိုတန်းပြိုင်ပွဲ၌ ရှိုင်းထူး (STL) နှင့် ဂျာလ(Python)၊ ဒေါင်းသတ္တိ (ဒေါင်းမြန်မာ) နှင့် အောင်ရဲနိုင်(Power Punch)၊ စောကဲဒို(Holy Power) နှင့် ကစောထူး(ရိုးရာကျား)၊ အားမာန်(ရာဇမိရာဇ်)နှင့် ထူးစေးဝါး(ရွှေဖူး)တို့ကလည်းကောင်း၊ ၆၀-၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ၌ ဂေါ်ဒိုထူး (ရိုးရာကျား) နှင့် တမာကျား (Smart Fight)၊ ဂေးဒို(STL)နှင့် သားလက်သီး(ရွှေမအူပင်)၊ စောဘီလူး (Power Punch)နှင့် ဝင်းဗိုလ်(ရာဇမိရာဇ်)၊ လောကွားဒူး(တော်ဝင်ရိုးရာ)နှင့် ညီရဲခန့်(YFC)တို့က လည်းကောင်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ ၆၇-၇၁ ကီလိုတန်းပြိုင်ပွဲ၌ အာကာဖြိုး(Tiger Gym)နှင့် စောကဲ(YFC)၊ အောင်ကိုမင်း (နဂါးမာန်) နှင့် မိုက်မိုက် (ရွှေမအူပင်)၊ ဇော်သက်နောင် (Knight) နှင့် ကျော်ဇေလတ် (ထွန်းထွန်းမင်း)၊ ဂေါ်ထူးဂေး(ရိုးရာကျား)နှင့် မြတ်သူ (ကျားဘုရင်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူလက်ဝှေ့ရုံ၌ ပြုလုပ်မည်ဖြစ်ပြီး 360 Sports Facebook Page၊ Youtube Channel နှင့် Channel K ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်းနှင့် ရုံဝင်ကြေး ငွေကျပ် ငါးထောင် သတ်မှတ်ထားကြောင်း သိရသည်။

**အာကာစိုး**

# ကော့သောင်းမြို့၌ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

**ကော့သောင်း ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ဩဂုတ် ၇ ရက်အထိ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် နဝရတ်အားကစား ခန်းမ၌ ကျင်းပလျက်ရှိသည်။

အဆိုပါ ဘော်လီဘောအားကစား ပြိုင်ပွဲတွင် ကော့သောင်းမြို့နယ် အခြေခံပညာကျောင်းများမှ အမျိုးသား ရှစ်သင်းနှင့် အမျိုးသမီး ခြောက်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုပွဲစဉ်များကို တစ်ရက်လျှင် အမျိုးသားပွဲစဉ် လေးပွဲနှင့် အမျိုးသမီးပွဲစဉ် နှစ်ပွဲတို့ဖြင့် နံနက် ၈ နာရီ မှမွန်းလွဲ ၁ နာရီအထိ ကျင်းပရာ ဩဂုတ် ၆ ရက်က ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင် အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Jersey Fabric Plain ကီလိုဂရမ် ၅၀၀၀၊ Cosmetic Camella Whitening Clear Cream ဘူး ၁၄၄၀၊ Mano One-Six-Twelve Injection အခု ၂၅၀၀၀၊ ITR Hydraulic Oil ၁၀ စည် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Battery Bicycle အစီး ၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၀၀၀၀) ကို လည်းကောင်း၊ **(အောက်ပုံ)** စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၇၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### စာရွက်စာတမ်း တင်ပြနိုင်ခြင်း မရှိ

ထို့အပြင် ဩဂုတ် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lactasoy Soy Milk ဘူး ၇၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်း ကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော် ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထား သည်ထက် ပိုမိုတင်ဆောင်လာသည့် Coconut Fiber Sheet ၅၂၈၀ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၈၅၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Mitsubishi Fuso တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၇၈၅၆၀၀ ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က အမှတ်(၂) လမ်းမကြီး၊ ရွာသာကြီး တိုးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Gold Star Cycle Tube အခု ၂၁၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၂၇၇၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၄၇၈၂၇၇၀ ကို ဖမ်းဆီးရမိခဲ့ ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့ပြင် ဩဂုတ် ၄ ရက် တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချော စစ်ဆေး ရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာ သော မော်တော်ယာဉ်တစ်စီးပေါ် မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပျဉ်းကတိုး ပါကေးပြား ၀ ဒသမ ၅၃၃၄ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၀၀၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ စဥ့်ကူးမြို့နယ် ပင်လယ်ကြီး ပူးပေါင်းစစ်ဆေးရေး စခန်း၌ ကသာမြို့မှ မန္တလေးမြို့သို့ မောင်း နှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ခွဲသား ၁၃ ဒသမ ၆၆၅၄ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၃၂၇၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင် လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၃၁၂၇၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူ ဆောင် ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၇) မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၃၆၂၆၁၃၀) ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင် ကော်မတီ မှ သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင် စိုက်ထူထားသည့် ဆိုင်းဘုတ်များနှင့် ဆေးလိပ်သောက်ခွင့်ရှိသောနေရာ၊ သောက်ခွင့်မပြုသောနေရာများကို ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင် စိုက်ထူထားသည့် ဆိုင်းဘုတ်များနှင့် ဆေးလိပ်သောက်ခွင့်ရှိသောနေရာ၊ သောက်ခွင့်မပြုသော နေရာများအား ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ် ၅ ရက်က ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ပုဂံ - ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ဇုန်ဖြစ်စေရေး ယခင် ၉၂ နေရာ သတ်မှတ်ထားနိုင်ခဲ့ပြီး မေလတွင်လည်း ၁၀ နေရာထပ်တိုး၍ ဆေးလိပ်ငွေ့ကင်းစင်ရေး ဆိုင်းဘုတ်စိုက်ထူအသိပညာပေးခြင်းနှင့် ဆေးလိပ်သောက်ခွင့်နေရာသတ်မှတ်သည့် အလိုတော်ပြည့်ဘုရားဝင်း၊ ထီးလိုမင်းလိုဘုရားဝင်း၊ အာနန္ဒာဘုရားဝင်း၊ သီရိဇေယျာဘူမိ ပုဂံနန်းတော်ဝင်းအတွင်း၊ Treasure စားသောက်ဆိုင်၊ သီရိပစ္စယာ ဟိုတယ်ဝင်းအတွင်း၊ ခေမာဘုရားစုဝင်းအတွင်း၊ ရင်မနားဘုရားစုဝင်းအတွင်း၊ Heritage ဟိုတယ်ဝင်း၊ Auream Place ဟိုတယ်ဝင်း၊ ရွှေစည်းခုံဘုရားကြီးဝင်းနှင့် သရပါဟိုတယ်ဝင်းတို့တွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ဆိုင်းဘုတ်စိုက်ထူထားသည့် နေရာများအား ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့် အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးညီမွန်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာရွှေစင်ထိုက်၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင်၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးတို့က လိုက်လံစစ်ဆေးကြည့်ရှုကြရာ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ဟိုတယ်ပိုင်ရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များက ဆေးလိပ်မသောက်ရနေရာ၊ ဆေးလိပ်သောက်ရနေရာများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသပေးရာ ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသတစ်ခွင် နာယကအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဩဂုတ် ၅ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေတိုက်ခတ်မှုကြောင့် ဘိုးရာဇာရပ်ကွက် အနောက်မင်္ဂလာလမ်း မင်္ဂလာဈေးရှေ့ရှိ လုံးပတ် ပေ၂၀၊ အရှည်ပေ ၈၀ ခန့်ရှိ ကုက္ကိုပင်မှာ မင်္ဂလာဈေးရှိ ဆိုင်ခန်းများပေါ်သို့ ပြိုလဲမှုဖြစ်ပွားခဲ့ပြီး ဈေးအတွင်းရှိ ဆိုင်ခန်း ၃၂ ခန်း ပျက်စီးခဲ့ရာ အဆိုပါ ကုက္ကိုပင်ကြီးအား ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးထွန်းထွန်းလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် သူရိန်လင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ဈေးတာဝန်ခံနှင့် ဈေးသူဈေးသားများစုပေါင်း၍ ရှင်းလင်းဖယ်ရှားစဉ်။ မြို့နယ် (ပြန်/ဆက်)

## ဟိုပန်မြို့၌ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်

သီပေါ ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများနှင့် စာသင်ကျောင်းများတွင် မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ စုပေါင်း၍ အပတ်စဉ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများသည် ဝါတွင်းကာလ ဥပုသ်သီတင်းဆောက်တည်ကြသူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများအားထုတ်နိုင်ရေးတို့အတွက် ဟိုပန်မြို့ကောင်းဟုန်းဘုန်းတော်ကြီးကျောင်းနှင့် မြို့မသာသနာ့ရောင်ခြည်ကျောင်းတိုက်၌ စေတီပုထိုးများအား ရွှေသင်္ကန်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ ဆေးသုတ်ခြင်းနှင့် သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ *ကျော့ဖုံးမှ*

ပွဲချိန်အများစု ထိန်းချုပ်ကစားကာ ရရှိလာသည့် အပိုင်အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲပြီး ကွာတားဖိုင်နယ်အဆင့်ကို ထိုက်ထိုက်တန်တန် တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ နယ်သာလန်အသင်းသည် ကွာတားဖိုင်နယ်တွင် အသင်းကြီးစပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆွီဒင်နှင့် အမေရိကန်အသင်းပွဲစဉ်ကို မွန်းလွဲ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ သာမန်ပွဲကစားချိန်အပြင် အချိန်ပိုပွဲကစားချိန်တွင်ပါ ဂိုးမရှိသရေကျရလဒ် ထွက်ပေါ်နေသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီတွင် ဆွီဒင်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ အမေရိကန်အသင်းသည် ဆွီဒင်အသင်းကို ပွဲချိန်တစ်လျှောက် သိသိသာသာဖိအားပေးကစားထားနိုင်ခဲ့သော်လည်း ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

အမေရိကန်အသင်းသည် ဆွီဒင်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၂ ကြိမ်တွင် ဂိုးပေါက် တည့်မတ်မှု ၁၁ ကြိမ်ထက်မနည်းရှိခဲ့သော်လည်း သွင်းဂိုးရယူနိုင်ခြင်း မရှိခဲ့ချေ။ လက်ရှိချန်ပီယံကို အနိုင်ယူကျော်ဖြတ်လာသည့် ဆွီဒင်အသင်းသည် ကွာတားဖိုင်နယ်တွင် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❖ *ကျော့ဖုံးမှ*

မိနစ် ၄၀ တွင် လားဒင်မောရတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် GFA အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ဟံသာဝတီအသင်းက ပွဲကိုထိန်းကစားခဲ့သည်။ GFA အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၃ မိနစ်တွင် ရာဇာမျိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီအသင်းတိုက်စစ်မှူး ဇင်မင်းထွန်းက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၁၅ ပွဲကစား ၂၅ မှတ်၊ GFA အသင်းက ၁၅ ပွဲကစား ရှစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၁၅) နောက်ဆုံးနေ့အဖြစ် ဩဂုတ် ၇ ရက် **(ယနေ့)**တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

## ရေဘေးအသိပညာပေး

### ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။
၂။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။ (ဥပမာ - အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)
၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ။
၄။ မိမိပတ်ဝန်းကျင်ရှိမြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။
၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။
၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါကအန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။
၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

### ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။
၂။ တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။
၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။
၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။
၅။ သက်ဆိုင်ရာ အစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။
၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။
၃။ သောက်သုံးရေသန့် (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။
၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။
၂။ ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်း ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။
၃။ ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။
၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ will နဲ့ shall အကြောင်း ပြည့်ပြည့်စုံစုံလေးထပ်မံရှင်းပြထားပြီးလေ့ကျင့်ခန်းများနဲ့ အားဖြည့်ထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life–I" နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် (Antonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး Will နဲ့ Shall တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို သဘောပေါက်နားလည်အောင် နမူနာဝါကျတွေ လေ့ကျင့်ခန်းတွေနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။

**Will**

ကမ်းလှမ်းလျှင်သော်လည်းကောင်း၊ တစ်ခုခုလုပ်ဖို့ ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်လျှင်သော်လည်းကောင်း **Will** ကို သုံးနိုင်သည်။ ဥပမာ–

- My bag is very heavy.
  **I'll carry** it for you.
- **I'll phone** you tomorrow, OK?
  OK, goodbye.

တစ်ခုခုလုပ်တော့မယ်ဆိုပြီး ဆုံးဖြတ်ချက်ချလိုက်ရင်လည်း

**I think I'll …**

**I don't think I'll ……**

- I'm tired. **I think I'll go** to bed early tonight.
- It's a nice day. **I think I'll sit** in the garden.
- It's raining. **I don't think I'll go** out.

အနာဂတ်မှာ တစ်ခုခုလုပ်မယ်၊ တစ်ခုခုလုပ်ရင် ကောင်းမယ်ထင်တယ်ဆိုပြီး ပြောရင်လည်း **Will** ကိုသုံးနိုင်သည်။

- **I'll phone** you tomorrow, OK?
- I think **I'll go** to bed early.

အနာဂတ်မှာ လုပ်မယ်ဆိုပြီး ကြိုတင်ဆုံးဖြတ်ချက်ချထားရင် **Will** ကိုမသုံးပါဘူး။ ဒီအခြေအနေမှာတော့ **Present Continuous** ကို သုံးနိုင်ပါသည်။ ဥပမာ –

- **I'm working** tomorrow.
- There's a good film on TV tonight. **I'm going** to watch it.
- What **are you doing** at the weekend?

လုပ်ရင်ကောင်းမယ်ထင်တယ်ဆိုပြီး ထင်မြင်ယူဆပြောဆိုတဲ့အခါမှာသော်လည်းကောင်း၊ အကြံကောင်းဖြစ်မယ်လို့ထင်လား။ စိတ်ကူးကောင်းဖြစ်မယ်လို့ ထင်လားဆိုပြီး ပြောဆိုတဲ့အခါမှာသော်လည်းကောင်း **Shall** ကို သုံးနိုင်ပါတယ်။ ဥပမာ –

- It's very warm in this room. **Shall I open** the window?
- **Shall I phone** you this evening? Yes, please.
- I'm going to a party tonight. What **shall I wear**?
- It's a nice day. **Shall we go** for a walk?
- Where **shall we go** for our holiday this year?
- Let's go out this morning. OK, what time **shall we meet**?
- **Shall I answer** the phone? No, it's OK. I'll answer it.

**Exercise (1) Put in will or won't.**

1. Don't drink coffee before you go to bed. You …………………… sleep.
2. Are you ready yet? Not yet. I …………………….. be ready in five minutes.
3. I'm going away for a few days. I'm leaving tonight, so I …………………… be at home tomorrow.
4. It ……………………… rain, so you don't need to take an umbrella.
5. A: I don't feel very well this evening.
   B: Well, go to bed early and you ……………………… feel better in the morning.
6. It's Bill's birthday next Monday. He ……………………… be 25.
7. I'm sorry I was late this morning. It …………………… happen again.

**Exercise (2) Write sentences beginning with I think …….. or I don't think …………**

1. (Diana will pass the exam)
   I think Diana will pass the exam.
2. (Diana won't pass the exam)
3. (We'll win the game)
4. (I won't be here tomorrow)
5. (Sue will like her present)
6. (they won't get married)
7. (you won't enjoy the film)

**Exercise (3) Which is right?**

1. <u>We'll go/We're going</u> to the theatre tonight. We've got tickets.
   **We're going is right.**
2. What <u>will you do/are you doing</u> tomorrow evening? Nothing. I'm free.
3. <u>They'll go/They're going</u> away tomorrow morning. Their train is at 8.40.
4. I'm sure <u>she'll lend/she's lending</u> us some money. She's very rich.
5. Why are you putting on your coat? <u>I'll go/I'm going</u> out.
6. Do you think Claire <u>will phone / is phoning</u> us tonight?
7. Steve can't meet us on Saturday. <u>He'll work/ He's working.</u>
8. <u>Will/Shall</u> you be at home tomorrow evening?

## VOCABULARY (ANTONYMS)

| | | | | |
|---|---|---|---|---|
| 1. | strong (သန်မာသော) | ≠ | weak | (အားနည်းသော) |
| 2. | sweet (ချိုသော) | ≠ | sour | (ချဉ်သော) |
| 3. | talk (စကားပြောသည်) | ≠ | listen | (နားထောင်သည်) |
| 4. | tall (အရပ်ရှည်သော) | ≠ | short | (အရပ်ပုသော) |
| 5. | tame (ယဉ်ကျေးသော) | ≠ | wild | (ရိုင်းစိုင်းသော) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION

### Shortest way to talk about "Immigrant Life – I"

ဒီတစ်ပတ်မှာတော့ "Immigrant Life" နိုင်ငံခြားတိုင်းပြည်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို **Shortest way to talk about "Immigrant Life"** ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

**Immigrant Life Part –1**

**You're not from around here, are you?**

**Taxi Driver:** Good morning. Would you like a taxi, miss?

**Traveler:** Good morning. Yes, I would.

**Taxi Driver:** Let me put your luggage in the trunk.

**Traveler:** Okay, thanks.

**Taxi Driver:** Where would you like to go?

**Traveler:** Liberty Square on 14th Avenue. How far is it from here?

**Taxi Driver:** About 40 minutes if the traffic is Okay.

**Traveler:** I see. What do you think the fare will be?

**Taxi Driver:** Probably around $40.

**Traveler:** It's seaming hot this morning! I'm not used to this kind of weather.

**Taxi Driver:** It's usually very hot here, but I advise you to always carry a tiny umbrella that fits in your bag because you never know when there'll be a quick tropical downpour.

**Traveler:** Really?

**Taxi Driver:** So you're not from around here, are you?

**Traveler:** No. I'm from Germany. It's a lot colder than Miami, I can tell you.

**Taxi Driver:** Are you in Miami on business?

**Traveler:** I came to work here. I got a job as a translator.

**Taxi Driver:** Oh, that's very nice. We've reached your destination.

**Traveler:** How much do I owe you for the ride?

**Taxi Driver:** 45 bucks.

**Traveler:** Okay. Here you are. Keep the change.

**Taxi Driver:** Thank you, miss. I'll get your luggage. Here you go. Have a nice stay in Miami.

**Traveler:** Thanks, bye.

**Language Focus**

1. Would you like a taxi?
   တက္ကစီ စီးဦးမလား?
   (နောက်သံလေးမြှင့်ပြီးပြော)
2. Are you in Miami on business?
   မိုင်ယာမီကို စီးပွားရေးကိစ္စနဲ့လာတာလား?
   (နောက်သံလေးမြှင့်ပြီးပြော)
3. How much do I owe you for the ride?
   တက္ကစီခ ဘယ်လောက်ပေးရမလဲ?
   (နောက်သံလေး နည်းနည်းချပြီးပြော)
4. Keep the change.
   ပြန်မအမ်းနဲ့၊ ယူထားလိုက်။ (ပုံမှန်လေသံ)
5. Have a nice stay in Miami.
   မိုင်ယာမီမှာ ကောင်းကောင်းနေပါ။ (ပုံမှန်လေသံ)

ဒီမှာဖော်ပြထားတဲ့ စကားပြောပုံစံလေးတွေကို ထပ်တလဲလဲလေ့ကျင့်ကြည့်ပါ။ တကယ်ပြောစရာကြုံရင် အလိုလို ပြောထွက်လာပါလိမ့်မယ်။ အသွက်လျှာသွက်ရှိကြပါစေ။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"

၂၀၂၃ ခုနှစ် ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ ချိုတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၂၇)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့)ရွှေအသိပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ (၂၇)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေး သင်တန်းဖွင့်လှစ်ပို့ချပွဲကို ဩဂုတ် ၆ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၂ ဦး တက်ရောက်ကြသည်။ သင်တန်း ပထမနေ့တွင် ရွှေတူးဖော်ခြင်း ဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ဆရာ ဦးတင်နိုင်ထွန်း (ဘူမိဗေဒ ပညာရှင်) တို့က ဗီဒီယိုပရိုဂျက်တာဖြင့် သင်ကြားပို့ချသည်။

ရွှေပညာဒါန ( အခမဲ့ ) ရွှေအသိပညာပေး သင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေ ဈေးကွက် ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းတိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချရွှေသချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို ၁၀ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။ ရွှေပညာဒါန (အခမဲ့) ရွှေအသိပညာပေး သင်တန်းကို လစဉ်ဖွင့်လှစ်လျက်ရှိရာ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

FIRST MYANMAR INVESTMENT PUBLIC CO., LTD.
Listed on the Yangon Stock Exchange
Company Registration No. 121398001 | YSX Code 00001

(၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

First Myanmar Investment Public Company Limited ၏ (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါ ပုံစံအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့် နေ့ရက် | း | ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ရက် (သောကြာနေ့) |
| ကျင်းပမည့် အချိန် | း | နေ့လယ် (၂း၀၀) နာရီ မှ နေ့လယ် (၃း၀၀) နာရီအထိ |
| ကျင်းပမည့် ပုံစံ | း | အင်တာနက်မှတဆင့် တိုက်ရိုက်ထုတ်လွှင့်/တက်ရောက်နိုင်မည့် အစည်းအဝေးပုံစံ |

အစုရှယ်ယာရှင်များသည် (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အင်တာနက်မှတဆင့် ပါဝင်တက်ရောက် ဆွေးနွေးခြင်း နှင့် မဲပေးခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် အသေးစိတ်လမ်းညွှန်ချက်များကို ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ https://fmi.com.mm နှင့် Yangon Stock Exchange ၏ အင်တာနက်စာမျက်နှာ https://ysx-mm.com မှ ထုတ်ပြန်ထားသော အစည်းအဝေး အကြောင်းကြားစာ (သို့မဟုတ်) နှစ်ပတ်လည်အစည်းအဝေး အင်တာနက်စာမျက်နှာ http://agm.fmi.com.mm (အောက်ပါ QR Code) တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။

First Myanmar Investment Public Co., Ltd.
သည် ကမ်းနားလမ်း အမှတ်(၁)၊ ရုံးများနိုင်ငံတော်၊ ကုန်တိုက်တန်း ကျုံးဘုရားလမ်း
ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ ၁၁၄၀၁
ဖုန်း +၉၅-၁-၃၆၈၇၇၆၆၊ ဖက်(စ်)+၉၅-၁-၃၆၈၇၆၈၇
Web: fmi.com.mm | Email: info-fmi@yoma.com.mm

## ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အာဆင်နယ် အနိုင်ရ

ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲကို ဩဂုတ် ၆ ရက် ည ၉ နာရီခွဲက လန်ဒန်ရှိ ဝင်ဘလေကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်သို့ ပွဲကြည့်ပရိသတ် ၈၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ကန့်လန့်ကာအဖွင့် မျက်နှာပန်းလှစေရန် အလို့ငှာ မန်စီးတီးအသင်းရော အာဆင်နယ်အသင်းပါ အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲချိန်အများစုကို အာဆင်နယ်အသင်းက စိုးမိုးထားနိုင်သော်လည်း သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ဦးဆောင်ဂိုးကို မန်စီးတီးအသင်းက ပွဲချိန် ၇၇ မိနစ်တွင် ပဲလ်မာ၏ သွင်းဂိုးဖြင့် ရရှိခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် အာဆင်နယ်အသင်းက ချေပဂိုးရရှိရေး ကြိုးစားလာရာ နာကျင်အချိန်ပို ၁၁ မိနစ်တွင် ထရိုဆတ်က သွင်းယူပေးနိုင်ခဲ့သည်။

သာမန်ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် အာဆင်နယ်က လေးလုံးကန်သွင်းရာ လေးလုံးစလုံး ဂိုးဝင်ပြီး မန်စီးတီးက တစ်ဂိုးသာရရှိသဖြင့် လေးဂိုး- တစ်ဂိုးဖြင့် အာဆင်နယ် အနိုင်ရရှိသည်။

**အောင်ဇော်**

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## ရေဘေးအသိပညာပေး

### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။
၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန် အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ။
၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင် သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
၅။ ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။
၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်။
၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
၃။ ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။
၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏှာတော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဇိန"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ရှိမာစွာတွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့မိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | သာသနိကအဆောက်အဦနှင့် နဝကမ္မ အမည် | အလှူငွေ (ကျပ်) | စဉ် | သာသနိကအဆောက်အဦနှင့် နဝကမ္မ အမည် | အလှူငွေ (ကျပ်) | စဉ် | ပိဋကသုံးပုံကျမ်းစာအုပ် အမည် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပေါက်ရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လှူထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ ဒါယိကာမများအနေဖြင့်** မိမိတို့စည်းရုံးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၀၃၃၅၆၀၇ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၁၀၀၀၀၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀ ၂၀၁၇၀၀ ၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေယျ ၀၉-၆၅၀၀၉၉၉၉၆၊ ၀၃၆-၃၀၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၅၂၈၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ကျွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၉၆၂)၊ မြေအကျယ်အဝန်း (၄၂ပေ x၆၀ပေ)၊ ရေိယာ(၂၅၂၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးတင်ဝင်း ၁၄/ဖပန(နိုင်)၀၂၁၂၂၄)၊(PGU-၁၉၆၃၁၇ အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီးအမည်ပေါက်ထံမှ ဒေါ်ခင်မျိုးကြည် ၁၂/ဥကမ(နိုင်)၀၈၉၁၀၃သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည်(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)

အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၀၉-၄၃၁၁၄၆၅၄ ၊ ၀၉ - ၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၂၇)ရှိ ပဉ္စမထပ်၊ ၆-လွှာ(ခြေရင်း)ခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမြတ်ကျော် ၁၂/မရက(နိုင်)၀၀၂၉၂၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူသူဇော် ၁၂/လမန(နိုင်)၁၄၇၉၇၁က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင် ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** — **ဒေါ်ခင်စောသိန်း (LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## ပါမစ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ်(၁၀၂၅)၊ မြေကွက် ၏ ဦးခင်မောင်အေး ၉/မမန(နိုင်)၀၃၄၉၆၇ အမည်ပေါက် ပါမစ်မူရင်းနှင့်စပ်လျဉ်း၍ ယင်းပါမစ်မူရင်းမှာပျောက်ဆုံးနေပါသဖြင့်တွေ့ရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍(၁)လအတွင်း(သို့) ဖြစ်နိုင်ပါက စောလျှင်စွာကျေးဇူးပြု၍ ဆက်သွယ်ပြန်ကြားပေးပါရန်နှင့် ထိုသို့ဆက်သွယ်လာပါက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုက်တန်စွာကျေးဇူးပြုမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍သတ်မှတ်ရက်ပြည့်သည့်တိုင် ဆက်သွယ်ပြန်ကြားမည့်သူ မရှိပါက သက်ဆိုင်ရာဌာနသို့ ပါမစ်ပျောက်ဖြင့် ပြန်လည်လျှောက်ထား၍ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)

ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၉ ၅၄၀၇၂၂၉၊

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း

၁။ အောက်ဖော်ပြပါ အမှတ်တံဆိပ်သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်းက ကိုယ်တိုင်တီထွင်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၃၁-၁၀-၂၀၁၂)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၁၂၆၅၀) ဖြင့် မှတ်ပုံတင်၍ ဥပဒေနှင့်အညီ တရားဝင် သုံးစွဲလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်-

MRESA
Myanmar Real Estate Services Association

၂။ ယခုအခါ၌ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)သည် အဆိုပါအမှတ်တံဆိပ်ကို ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ ထပ်မံမှတ်ပုံတင်မည်ဖြစ်သောကြောင့် လိုအပ်သောကိစ္စအရပ်ရပ်ကို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်းကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် (၂-၈-၂၀၂၃)ရက်စွဲပါ အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်းကို လွှဲအပ်ထားပြီးဖြစ်ပါကြောင်းနှင့် ယခင်က ဒေါ်မို့မို့အောင်ထံသို့ လွှဲအပ်ခဲ့သည့် အဆိုပါ အမှတ်တံဆိပ်နှင့်စပ်လျဉ်းသမျှ တာဝန်အရပ်ရပ်ကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါ အမှတ်တံဆိပ်ကို ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လျှောက်ထားဆောင်ရွက်နေစဉ်ကာလအတွင်း မည်သူမဆို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်ကိစ္စတွင်မျှ မည်သည့်နည်းဖြင့်မဆို သုံးစွဲပိုင်ခွင့်မရှိပါကြောင်းနှင့် ဤကြေညာချက်ကို ဆန့်ကျင်၍ ပြုလုပ်သုံးစွဲသည်ကိုတွေ့ရှိပါက တည်ဆဲဥပဒေအရပ်ရပ်နှင့်အညီ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူအသင်းသားများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**တာဝန်ရှိသူများ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၆၄/၂၀၁၉)**
**အမှတ်(၇၀၁)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အသင်းသူအသင်းသားများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများသည် (၉-၇-၂၀၂၃) ရက်နေ့တွင်ကျင်းပခဲ့သော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး (AGM)တွင် အတည်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)ကလည်း (၂၅-၇-၂၀၂၃)ရက်နေ့တွင် တရားဝင်ဆက်လက်အတည်ပြုထားသော အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများဖြစ်ပါသည်။

၂။ ထို့ကြောင့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)၏ ဥက္ကဋ္ဌသည် လက်ရှိဥက္ကဋ္ဌ ဦးခင်မောင်သန်းသာလျှင်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများသည် အသင်းသူ အသင်းသားများအနေဖြင့် ဖောက်ဖျက်၍မရသော၊ လေးစားလိုက်နာရမည့် တရားဝင်အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)သည် အသင်းဝင်(၆)ဦးကို (၂၅-၄-၂၀၂၃)ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၁/၂၀၂၃)အရ ၎င်းတို့၏တာဝန်မှ အလိုအလျောက်နုတ်ထွက်ပြီးဖြစ်ကြောင်း ကြေညာခဲ့ခြင်း၊ ဆက်လက်၍ အဆိုပါအသင်းဝင်(၆)ဦးနှင့် နောက်ထပ်အသင်းဝင်(၃)ဦးတို့ကို အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် မညီသောကြောင့် (၆-၇-၂၀၂၃)ရက်စွဲပါ ရုံးအမိန့်အမှတ် (၄/၂၀၂၃)အရ အသင်းဝင်အဖြစ်မှ နုတ်ပယ်ကြောင်း ကြေညာခဲ့ခြင်းတို့ကို အသင်းသူအသင်းသားများ သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါ ပုဂ္ဂိုလ်(၉)ဦးတို့သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် သက်ဆိုင်ခြင်းမရှိတော့သောကြောင့် ၎င်းတို့ဆောင်ရွက်သမျှသည် မြန်မာနိုင်ငံအိမ်ခြံမြေအသင်း(MRESA)နှင့် သက်ဆိုင်၊ တရားဝင်၊ အတည်ဖြစ်လိမ့်မည်မဟုတ်ကြောင်း အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

၄။ ထို့ကြောင့် မည်သူမဆို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၏ ခွင့်ပြုချက်မရရှိဘဲ၊ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်မညီဘဲ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ရွေးချယ်ပွဲအပါအဝင် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ ခွင့်ပြုချက်မရရှိဘဲပြုလုပ်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့်သက်ဆိုင်သော ရွေးချယ်ပွဲမှန်သမျှနှင့် ဆောင်ရွက်ချက်မှန်သမျှကိုလည်း ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။

**တာဝန်ရှိသူများ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၆၄/၂၀၁၉)**
**အမှတ်(၇၀၁)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## မိခင်အမည်မှန်

ရမည်းသင်းမြို့၊ သိမ်းကုန်း အထက်တန်းကျောင်း၊ Grade – 12 မှ မရွှေစင်ဖြိုး၏ မိခင် ဒေါ်ချော၏ အမည်မှန်မှာ ဒေါ်မြင့်မြင့်သိန်း ၉/ရမသ(နိုင်)၁၄၁၈၆၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဦးသက်ပိုင်ထူး ၁၂/အစန(နိုင်)၂၂၂၇၇၃ ၏ သမီး မဂူဂူးအိန်ဂျယ်ဝိုင်အား မနိုင်ရဲရင့်ခင်ဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/38199 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲဝါဝါစိုး ၃/လဘန(နိုင်)၃၁၂၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေ့ဟွေ့ ၁၃/လရန(နိုင်)၂၃၂၀၃၈၏ နိုင်ငံကူး လက်မှတ် MC-816455 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၁၈၂၉၇၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ တိုက်အမှတ် (၁၄/၁၇)၊ အခန်းအမှတ်- (4A) (၅လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ ပေ × ၅၄ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲထွန်း (၁၂/တမန (နိုင်) ၁၀၉၃၂၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၈၉၈/က)+(၈၉၈/ခ)၊ အကျယ်အဝန်း (၂၀ပေ ၆လက်မ × ၆၀ပေ)စီရှိ ဒေါ်ခင်ဝင်းဝင်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့်ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရွှေနု(၁၂/ဒဂန (နိုင်) ၀၂၀၁၅၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပတ်စ်ပို့ပျောက်

မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်၊ စံပြကျေးရွာ(မြောက်ပိုင်း)၊ ရွှေနှင်းဆီလမ်းနေ ဦးသိန်းအောင်၏ သမီး မချိုချိုမာ ၁၂/မဂဒ(နိုင်) ၁၇၇၄၄၀ ၏ နိုင်ငံကူးလက်မှတ် MC-902392မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-09-447729189

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ် (E)၊ အခန်းအမှတ်- (၁၀၄) (ပထမထပ်)ဟုခေါ်တွင်သော အခန်း(၁)ခန်းပါရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်လင်း (၁၀/ပမန (နိုင်) ၀၃၄၃၇၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အထက(၁)၊ Grade-10 မှ မစုရွှန်းလဲ့ပြည့်၏ ဖခင်အမည်မှန်မှာ ဦးပြည်စိုး ၆/ကသန(နိုင်)၀၄၁၀၉၀ ဖြစ်ပါကြောင်း။

**ဦးပြည်စိုး**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မကျူးကျူးရှမ်း ၁၃/လကန(နိုင်)၀၀၃၈၄၄ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၀၉၇၅၅၆

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အထက (၁)၊ Grade-10 မှ မနန်းရွှေယမုံစိုး၏ ဖခင်အမည်မှန်မှာ ဦးစောနေစိုး ၁၀/ဘလန(နိုင်)၀၅၉၀၈၁ ဖြစ်ပါကြောင်း။

**ဦးစောနေစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ထားဝယ်မြို့၊ မြေတိုးချဲ့ရေးစီမံကိန်း၊ တိုးချဲ့အကွက်(စ)၊ မြေကွက်အမှတ်(၁၃၃) ကိုပိုင်ဆိုင်သူ ထားဝယ်မြို့၊ ဗျောတော ဝရပ်၊ (၂၅)ခြေလျင်တပ်ရင်းမှ ဒေါ်ခင်မာချို ၆/ထဝန(နိုင်)၀၁၄၇၉၇ ထံမှ မန္တလေးမြို့၊ မောရဂီဝါရပ်၊ ၇၃လမ်း၊ ၃၂-၃၃လမ်းကြား၊ အမှတ် ၁၄၄ နေ ဦးကျော်လူ ၁၂/သပန(ပြု) ၀၀၀၀၇၁ က ၆-၄-၂၀၁၁ရက်က ဝယ်ယူပြီး လုပ်ငန်းများ ဆက်လက်ကိုယ်စားပြုဆောင်ရွက်နိုင်ရန် ဒေါ်ခင်မာချိုက ဦးကျော်လူအား အထူးကိုယ်စားလှယ် ပါဝါလွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေအား ဦးကျော်လူမှ တရားဝင် လွှဲပြောင်းရယူနိုင်ရန် ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် လွှဲပြောင်းရယူတင်ပြလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လူ၊ အမှတ် ၁၄၄၊ ၇၃လမ်း၊ ၃၂-၃၃ လမ်းကြား၊ မောရဂီဝါရပ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် U/3501, Golden Deer, Three Wheel (3X2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သက်ပိုင် ၁၃/လရန(နိုင်) ၁၄၁၃၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

## အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(မင်းပြင်)မှ KGတွင် တက်ရောက်နေသော (ဘ)ဦးကျော်နန္ဒထွန်း ၁၁/ကဖန(နိုင်) ၁၂၂၅၇၆ ၏သား မောင်ဘုန်းမြတ်ကျော်၏ အမည်မှန်မှာ မောင်ဟိန်းဆက်ထူး ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရသေ့တောင် မြို့နယ်၊ သောင်းဒရားကျေးရွာနေ ဦးဝင်းမောင်၏ သမီး ၁၁/ရသတ(နိုင်) ၀၉၁၁၃၅ မညိုမီစံ (ခ) မညိုမီဇံ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မောင်တောမြို့နယ်၊ ဒုချီးရားတန်ကျေးရွာအုပ်စု၊ ဖောခိကုန်းကျေးရွာနေ မခင်ဝင်း ၁၁/မတန(နိုင်)၁၁/မတန(နိုင်)၀၂၉၈၈၄ နှင့် မောင်နေဝင်းသိန်း ၁၁/ မတန(နိုင်) ၀၂၉၈၃၈ တို့၏ ဖခင်အမည်မှန်မှာ ဦးစောလှအောင် ၁၁/ မတန(နိုင်) ၀၀၄၃၆၄ ဖြစ်ပါကြောင်း။

**ဦးစောလှအောင်**

သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## နေပြည်တော်
## ရက်စွဲ၊ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၇)ရက်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်နှင့်နယ်ရုံးများ) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး နေရာများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့်ခရီးသွား<br>ညွှန်ကြားမှုဦးစီးဌာန | ၂ နေရာ<br>၄၇ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ ကွန်ပျူတာ အခြေခံကျွမ်းကျင်မှု ရှိရမည်။ |
| (ခ) | ဗီဒီယိုကျွမ်းကျင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး | ၁ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ဗီဒီယိုဆိုင်ရာကျွမ်းကျင်မှုရှိရမည်။ |
| (ဂ) | ယာဉ်မောင်း(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး | ၃ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ယာဉ်မောင်းလိုင်စင်(ဂ) ရှိရမည်။ |
| (ဃ) | ရုံးအကူ/စာပို့<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့်ခရီးသွား<br>ညွှန်ကြားမှုဦးစီးဌာန | ၁ နေရာ<br>၈ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ကွန်ပျူတာအခြေခံ ကျွမ်းကျင်မှုရှိရမည်။ |
| (င) | လုပ်သား<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀<br>ဟိုတယ်နှင့်ခရီးသွား<br>ညွှန်ကြားမှုဦးစီးဌာန | ၂ နေရာ | အခြေခံပညာမူလတန်း အဆင့်၊ |

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၆-၉-၂၀၂၃)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ [နိုင်ငံ့ဝန်ထမ်း၊ မဟာဘွဲ့/ပါရဂူဘွဲ့ရသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ အငယ်တန်းစာရေးရာထူးအတွက်သာ]
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဦးစားပေးမည်။ (အငယ်တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံးလုပ်သက်(၅)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာပုံစံကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ Website လိပ်စာ http:// tourism.gov.mm/mm/ နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြသွားမည်ဖြစ်ပြီး၊ လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ ဓာတ်ပုံ(၁လက်မx၁လက်မ) (၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မိတ္တူ) (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက်(မူရင်း)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူ
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- (ဇ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင် ကတ်ပြား(မူရင်း)

၅။ လျှောက်လွှာများကို ဟိုတယ်နှင့်ခရီးသွာလာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၃) နှင့် မိမိတို့နီးစပ်ရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ (၆-၉-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပေးပို့လျှောက်ထားရမည်။

၆။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က) ရာထူးအတွက် အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတနှင့် IT ဆိုင်ရာ အသုံးပြုနိုင်မှုတို့ကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း၊ အမှတ်စဉ်(ခ) ရာထူးအတွက် လူတွေ့နှင့် ဗီဒီယိုဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ အမှတ်စဉ်(ဂ)ရာထူးအတွက် လူတွေ့နှင့်ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ကျန်အမှတ်စဉ် (ဃ)၊ (င)ရာထူးများအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာများကို (၁၃-၉-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၏ Website လိပ်စာ http:// tourism.gov.mm/mm/ နေပြည်တော်နှင့်နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြသွားမည်ဖြစ်ပြီး၊ အမှတ်စဉ်(က) ရာထူးအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဖုန်းအမှတ် ၀၆၇-၃၄၀၆၄၅၇ နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဖုန်းအမှတ်- ၀၆၇-၃၄၀၆၁၀၁၊ ၀၆၇-၃၄၀၆၀၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဆေးပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.9.Med & Med Supplies(2023-2024) |
| တင်ဒါစတင်သည့်ရက် | - ၇ - ၈-၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့် | - ၂၁ - ၈-၂၀၂၃ ရက်နေ့၊ |
| အချိန် | မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ဆရာဆောင်လမ်း၊မြေကွက်အမှတ်(၉၄၁)၊မြေပေအကျယ်(၄၀×၆၀)ပေရှိ ဦးမောင်တင်(၁၂/ဥကတ(နိုင်)၀၆၁၆၀၄)အမည်ပေါက်မြေချပါမစ်မြေကွက်+အဆောက်အအုံအား၊ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်ဗွာဝင်း (၇/တဝန(နိုင်)၀၉၄၄၀၇)ထံမှမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂-၈-၂၀၂၃)ရက်စွဲပါအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၁)ဖြင့်ကိုယ်စားလှယ်စာရသူ ဦးစိုးလင်းထက်(၇/တဝန(နိုင်) ၂၉၅၁၀၅)ကအထက်ပါ မြေကွက်+အဆောက်အအုံအားဒေါ်ဗွာဝင်းကသာ လက်ရှိပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စား ဦးစိုးလင်းထက်ကရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်ဦးစိုးလင်းထက်ထံသို့ စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းမူရင်းများ နှင့်တကွယခု ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ယင်းနေ့ ကျော်လွန်ကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇင်မင်းထိုက် LL.B, D.B.L . | ဒေါ်နှင်းဝတ်ရည် LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၄၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၆၀) |

အမှတ်(၉၀၉)၊ အင်းဝ(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၉၄၅၁၂၂၈၂ ၊ ၀၉၂၆၃၃၅၉၅၂၉၊ ၀၉၄၂၁၇၁၇၄၃၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်၊စာဂ(၁၅)လမ်း၊ မြေကွက်အမှတ်(ဇဒ ၂)မြေကွက်ပေါ်တွင်တည်ရှိဆောက်လုပ်ထားသော(၃)ခန်းတွဲ(၆)ထပ် တိုက်၏ စတုတ္ထထပ်(၅-လွှာ)(ခေါင်းရင်းခန်း)(တိုက်မျက်နှာမူလျှင်-လက်ဝဲဘက်အစွန်ဆုံး အခြမ်း)(၁၂×၅၁)ပေခန့်အကျယ်ရှိ တိုက်ခန်းသည်မြေပိုင်ရှင်ဒေါ်စုစုမော်(၁၂/ဥကတ (နိုင်)၀၄၃၀၈၄)၊ဦးမင်းသိုက်(၁၂/ဥကတ(နိုင်)၁၃၂၄၂၇)တို့နှင့်ကန်ထရိုက်တာ ဦးအောင်သက် (၅/ကသန(နိုင်)၀၄၉၈၄၃)တို့၏ပြောက်ထပ်တိုက်သစ်ဆောက်လုပ်ရန် သဘောတူကတိစာချုပ်အရကန်ထရိုက်တာရပိုင်ခွင့်ရှိသောအခန်းဖြစ်ပြီးအဆိုပါ တိုက်ခန်းအားကန်ထရိုက်တာဦးအောင်သက်ထံမှအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးစိုင်းမြတ်အောင် (၁၃/တယန(နိုင်)၀၂၉၉၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိကကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသောတရားဝင်စာချုပ် စာတမ်း မူရင်းများနှင့်တကွယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက် နိုင်ပါသည်။ယင်းနေ့ကျော်လွန် က အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇင်မင်းထိုက် LL.B, D.B.L . | ဒေါ်နှင်းဝတ်ရည် LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၄၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၆၀) |

အမှတ်(၉၀၉)၊ အင်းဝ(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၉၄၅၁၂၂၈၂ ၊ ၀၉၂၆၃၃၅၉၅၂၉၊ ၀၉၄၂၁၇၁၇၄၃၁

## အမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ဦးမျိုးမင်းသိန်း ၁၂/ကမရ(နိုင်)၀၁၀၇၁၆ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဒေါ်လှစိန် ၁၂/ကမရ(နိုင်)၁၄၀၆၅၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမျိုးမင်းသိန်းသည် မိခင်ကြီး ဒေါ်လှစိန်၏ပြောဆိုဆုံးမမှုများအား လိုက်နာခြင်းမရှိဘဲ မိခင်ကြီးအား နေ့စဉ်နှင့်မျှ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယခုကြေညာချက်ပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့အတွက်ကြောင့် ဦးမျိုးမင်းသိန်း ပြုမူဆောင်ရွက် ထားသော ငွေကြေးကိစ္စရပ်များသည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့်လုံးဝ(လုံးဝ)သက်ဆိုင်မှု မရှိသည့်အပြင် အခြားမည်သည့် ကိစ္စရပ်များကိုမျှ ကျွန်ုပ်တို့၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးမျိုးမင်းသိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးအောင်ကိုလင်း | ဒေါ်နေခြည်ရွှန်းလဲ့ | ဒေါ်မိုးစန္ဒာအောင် |
| (LL.B,D.B.L)(စဉ် - ၁၃၀၇၂) | (LL.B)(စဉ်- ၅၀၄၂၉) | (LL.B, D.B.L, D.I.L ) |
